# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၉)



သီတင်းကျွတ်လပြည့်နေ့က လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်တွင် ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော် ကုသိုလ်ယူကြသူ ဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တူရကီသမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၀၄ခုနှစ် အောက်တိုဘာ၂၉ရက်တွင်ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာမက်၊နက်(ခ်)ဒက်၊ စီဇာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တူရကီသမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၀၄ခုနှစ် အောက်တိုဘာ၂၉ရက်တွင်ကျရောက်သော တူရကီသမ္မတနိုင်ငံ၏အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရီးဆပ်တေးရစ်အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မြို့တော်တစ်ခွင်၌ အဘိဓမ္မာရွတ်ဖတ်ပူဇော်

### စေတီပုထိုးများတွင်ကုသိုလ်ပြုသူ၊ဆီမီးထွန်းသူများဖြင့်စည်ကား



**ရန်ကုန် အောက်တိုဘာ ၂၈**

ယနေ့သည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ခြောက်ဝါအလွန် ခုနစ်ဝါအရောက် သက်တော်(၄၂)နှစ်အရွယ်တွင် တုသိတာနတ်ပြည်၌ နတ်သားဖြစ်သော လူ့ဘဝကမယ်တော်ဖြစ်ဖူးသော သန္တုသိတနတ်သားအား ကျေးဇူးဆပ်လိုသည့် ရည်ရွယ်ချက်ဖြင့် တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ သတ္တမဝါကပ်တော်မူပြီး သန္တုသိတနတ်သား အပါအဝင် နတ်၊ ဗြဟ္မာပရိသတ်တို့အား

**စာမျက်နှာ ၇ ကော်လံ ၁ ✻**

**သီတင်းကျွတ်လပြည့်နေ့က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ရင်ပြင်တွင် ဘုရားဖူးပြည်သူများသာမက ကမ္ဘာလှည့်ခရီးသည်များပါ ဤသို့ လာရောက်လေ့လာကြည်ညိုနေကြသည်ကို တွေ့ရသည်။** ဓာတ်ပုံ–ထွေးကြည်(မြန်မာ့အလင်း)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

# တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အခြေခံ ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့်တိုင်း ၁၄ ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကွဲနိမ့်မြင့် ကွာဟမှုလျော့နည်းပြီး ဒေသအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

အထူးသဖြင့် နယ်စပ်ဒေသများနှင့် ပြည်နယ်များတွင် အလျားလိုက်သွယ်တန်းနေသည့် တောင်တန်းကြီးများ၊ တောတောင်များ၊ မြစ်ချောင်းများ၊ ကျဉ်းမြောင်းသည့် ကမ်းရိုးတန်းများ၊ မြေပြန့်လွင်ပြင်များ ဆက်စပ်တည်ရှိနေသဖြင့် ပြည်နယ်အတွင်းနှင့် ဒေသတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်မှုမလွယ်ကူသည့် အခက်အခဲကို ကျော်လွှားနိုင်ရန် လမ်းများ၊ တံတားများကို ကွန်ရက်သဖွယ် ယှက်နွယ်ဖောက်လုပ်ပေးလျက်ရှိသည်။

သာဓကအားဖြင့် ရခိုင်ပြည်နယ်သည် ယခင်ကာလများက အခြားပြည်နယ်၊ တိုင်းများသို့ ဆက်သွယ်ရာတွင် အလွန်ခက်ခဲပြီး ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းတို့ကိုသာ အဓိကအားထားခဲ့ရသည်။ ပြည်နယ်၏ ကုန်းလမ်းထွက်ပေါက်သုံးခုဖြစ်သည့် အမ်းတောင်ကြားလမ်း၊ တောင်ကုတ်တောင်ကြားလမ်း၊ ဂွ–ငါးသိုင်းချောင်းလမ်းတို့ ရှိသော်လည်း ယင်းထွက်ပေါက်များနှင့် ပြည်နယ်အတွင်းပိုင်းသို့ ဆက်သွယ်ရန် မော်တော်ကားလမ်းများ မရှိသည့်အပြင် ယခင်ရှိထားပြီးလမ်းများသည်လည်း ကောင်းမွန်ခြင်းမရှိသည်ကို ကြုံတွေ့ခဲ့ကြရသည်။

ထို့ကြောင့် နိုင်ငံတော်က ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းများအားလုံး လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန်အတွက် လမ်း၊တံတားများစွာကို ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့သည်။

ယခုအခါ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများသည် စစ်တွေ–မြောက်ဦး–အမ်းကားလမ်းမကြီးမှတစ်ဆင့် မြန်မာပြည်အနှံ့ သွားလာနေကြပြီဖြစ်သည်။ တောင်ကုတ်–ပန်းတောင်းလမ်း၊ ဂွ–ငါးသိုင်းချောင်းလမ်းတို့နှင့် ပေါင်းစပ်လိုက်လျှင် နိုင်ငံနှင့်အဝန်း ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းတည်ရှိနေပြီ ဖြစ်သည်။

တောင်ကုတ်–မအီ–ကျောက်ဖြူလမ်းအပိုင်းတွင် လိုအပ်သည့် ပေ ၁၈၀ နှင့်အထက် မြစ်ကူးတံတား ၁၄ စင်း တည်ဆောက်ရန်ရှိသည့်အနက် ကိုင်းရှည်တံတား၊ တန်းလွဲတံတား၊ ဆားပြင်တံတား၊ လမူးတံတား၊ မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက်တံတားနှင့် လုံးတော်ပေါက် တံတားကိုးစင်းကို တည်ဆောက်ပေးပြီး ဖြစ်သည်။ ကျန်တံတားငါးစင်းကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။ ထို့အပြင် မိုင် ၄၀၀ ကျော်ရှိသည့် ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးကို ရွှံ့ညွန်တောများအတွင်း ခဲရာခဲဆစ်ဖောက်လုပ်ပေးလျက်ရှိရာ မကြာမီ ခိုင်ခိုင်မာမာ ပေါ်ထွက်လာတော့မည် ဖြစ်သည်။

ယခုတစ်ဖန် အောက်တိုဘာလ ၂၅ ရက်နေ့က ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးပေါ်ရှိ လုံးတော်ပေါက်ချောင်းအား ဖြတ်ကျော်၍ လုံးတော်ပေါက်တံတားကို ဖွင့်လှစ်ခဲ့ပြန်ရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၁၇၅ စင်းမြောက်တံတားအဖြစ် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ ထို့အပြင် မြန်မာ့မီးရထားက တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားခြောက်စင်း၊ တပ်မတော် အင်ဂျင်နီယာတပ်က တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားခုနစ်စင်းတို့နှင့် ပေါင်းစပ်လိုက်လျှင် နိုင်ငံတော်တစ်ဝန်းတွင် ပေ ၁၈၀ နှင့် အထက် တံတားစုစုပေါင်း ၁၈၈ စင်း ခိုင်ခိုင်ခံ့ခံ့တည်ရှိခဲ့ပြီ ဖြစ်သည်။

ထိုသို့ လမ်းနှင့်တံတားများ တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားပြည်သူများ အချင်းချင်း ထိတွေ့ဆက်ဆံမှု များပြားလာပြီး အပြန်အလှန် အသိအမြင်ဖလှယ်နိုင်ကာ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီလိုစိတ်၊ ရင်းနှီးစိတ်များ ပွားများလာသည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးပွားခိုင်ကျည်လာခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက လိုအပ်သည့်အားပေးမှု၊ အထောက်အကူပြုမှုများနှင့် အခြေအနေကောင်းများကို ဖန်တီးပေးနေသကဲ့သို့ ဒေသခံတိုင်းရင်းသား ပြည်သူများအပိုင်းကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံကာ မိမိတို့ဒေသများ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်နှင့်လက်တွဲ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



အောက်တိုဘာ ၂၇ရက်က သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Nobutake Odanoနှင့် အဖွဲ့လာရောက်တွေ့ဆုံစဉ်။ (သမဝါယမ)

# မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်စည်းဝေး သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၈

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေး (၁၀/၂၀၀၆)ကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ် တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။**

### ဆောင်ရွက်ပြီးစီးမှုတင်ပြ

ဗဟိုအမှုဆောင်အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးလှထွန်း(လှထွန်း–တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး(၉/၂၀၀၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

### အကြံပြုဆွေးနွေး

ထို့နောက် ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ဘဏ္ဍာရေးအဖွဲ့၊စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့နှင့် စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်းဆောင်ရွက်ထားမှုများကိုတင်ပြကြပြီး တက်ရောက်လာကြသည့်ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် တက္ကသိုလ်တင်မောင်ထွေး (နတ်ရေကန်ဖောင်ဒေးရှင်း)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးမှ တစ်ဆင့် ၁၃၆၆ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေကျပ်ငါးသောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)က ငွေကျပ်သုံးသောင်း၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)နှင့်ဇနီး ဒေါ်ညွန့်ညွန့်သန်းမိသားစုက ငွေကျပ်တစ်သောင်းတစ်ထောင်၊ မင်္ဂလာတောင်ညွန့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ စာရေးဆရာ ကပ္ပတိန်သာစိန်က ငွေကျပ်တစ်သောင်းနှင့် "ပင်လယ်ပြင်မှ လှိုင်းသံများ အမှတ်၂" စာအုပ် ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူ ကြသည်။

**(သတင်းစဉ်)**



### ဆုချီးမြှင့်

**ပုဇွန်တောင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၇) နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကိုအောက်တိုဘာ ၁၈ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ဒုတိယတန်း ပညာရည်ချွန်ဆုရ မောင်ဟိန်းနေဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၃၅၂)

## မြဝတီရုပ်မြင်သံကြား

၂၉–၁၀–၂၀၀၆

(သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၂၀ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၀ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၃၅ | ၆။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၄၅ | ၇။ | မျိုးချစ်တပ်မတော် |
| ၄:၅၅ | ၈။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၀၅ | ၉။ | အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Earth and its Movement (ပထမနှစ် ပထဝီဝင်အထူးပြု) |
| ၅:၃၅ | ၁၀။ | ပညာခေတ် |
| ၅:၅၀ | ၁၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၆။ | မြန်မာ့ရှုခင်း |
| ၆:၄၀ | ၁၇။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း–၇) |
| ၈:၀၀ | ၁၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၁။ | လျှပ်တစ်ပြက် |
| | ၂၂။ | တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူ့ရဲကောင်း"** (အပိုင်း–၁၆) |

■ **ကျောဖုံးမှ**

ရေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်နေသော ပင်မတမံ ရေပိုလွှဲ၊ ရေလွှဲဥမင်လိုဏ်နှင့် ရေအားလျှပ်စစ်ဥမင်လိုဏ် တည်ဆောက်မှုလုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးက ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် တည်ဆောက်ရေးတာဝန်ခံများအား ရေပေးတူးမြောင်းများ ဖောက်လုပ်ရေး၊ ဒေသခံ တောင်သူများအကျိုးရှိစေမည့် သီးနှံပုံစံပြောင်း၍ သီးနှံ စိုက်စွမ်းအားတိုးတက်ရန် ဆောင်ရွက်ရေး၊ ဆည်ရေများကို အကျိုးရှိအောင် အသုံးပြုနိုင်ရန်စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ဝန်ကြီးသည် ရှုရပ်မှနေ၍ ပင်မတမံနှင့် ရေစပ်ဇရိယာအတွင်း ဆည်ရေ စီးဝင်သိုလှောင်ရရှိမှုနှင့် တည်ဆောက်ထားသည့် စီမံကိန်း လုပ်ငန်းများကို လည်းကောင်း၊ တမံအလျား ပေ ၆၄၈၀၊ တမံအမြင့်ပေ ၂၀၀ ရှိသည့် ပင်မတမံနှင့် ရေဝပ်ဇရိယာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အချင်း ၈၇ ပေ၊ အနက် ၂၂၈ဒသမ၅ ပေရှိသည့် ဖိအားလျှော့ ရေလှုံ့ထိန်း စည်၏ အတွင်းပိုင်း၌ လိုင်နင်ကွန်ကရစ်လောင်းပြီးစီးမှု၊ ရေအားလျှပ်စစ်ဥမင်လိုဏ်အဝင် ရေတံခါး အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ကရိန်းများ တပ်ဆင်ထားရှိမှု၊ ပင်မရေပိုလွှဲအောက်ပိုင်းတွင်ရှိသော ရေပိုလွှဲအောက် အဆင့်(၁)မှ ရေလွှဲမှု လုပ်ငန်း၊ ရေပိုလွှဲအောက်အဆင့်(၂)တွင် စက်ယန္တရားများဖြင့် ဘေး ဝဲယာ ကမ်းပါးနှစ်ဖက် ကျောက်စီကျောက်ဖြည့် အချောသပ်လုပ်ငန်းဆောင်ရွက်မှု၊ရေလွှဲဥမင်လိုဏ်နှင့် ဥမင်လိုဏ်အတွင်းပိုင်း၌ ဆောင်ရွက်လျက်ရှိသော ပလပ် (Plug) တည်ဆောက်မှု လုပ်ငန်းများနှင့် ကွန်ကရစ်လောင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန် ပြီးစီးရေး သေသပ်ခိုင်ခံ့မှုရှိရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေပေးအဆောက်အအုံနှင့် ရေပေးတူးမြောင်း ထွက်ပေါက်နေရာတို့ကို လည်းကောင်း၊ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ကြိုးပမ်းလျက်ရှိ**

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ် ထုတ်လုပ်မှုအပြင် ရေလှောင်တမံ အောက်ဘက်ရှိ မဲဇလီရေလွှဲဆည်မှ တစ်ဆင့် ဆည်ရေထပ်မံသိုလှောင်ကာစိုက်ပျိုးရေ ထိန်းညှိပေးနိုင်မည်ဖြစ်သဖြင့် သီးထပ်စိုက်ပျိုးမှုဧရိယာ တိုးမြင့်လာပြီး မိုးစိုက်သီးနှံများအတွက် မိုးရေမလုံလောက်ပါက ဆည်ရေဖြည့်စွက်ပေးနိုင် မည်ဖြစ်သည်။ ယခုအခါစီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေးအင်ဂျင်နီယာများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ဆွေးနွေးမှာကြား**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် နံနက်ပိုင်းတွင် မကွေးတိုင်း စေတုတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်၌ တွေ့ဆုံ၍ မိမိနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးအသင်း သက်ကြီးပူဇော်

**ရန်ကုန် အောက်တိုဘာ ၂၈**

မန္တလေးအသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက် သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက လမ်း၃၀ အသင်းတိုက် ရတနာပုံခန်းမဆောင်ကြီးတွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြီးက ပူဇော်ကန်တော့ရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်ကြသည့် အဘိုး၃၁ဦး၊ အဘွား၂၆ဦး စုစုပေါင်း ၅၇ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်၍ ကန်တော့ခန်းဖြင့် လက်အုပ်ချီမိုးရှိခိုးကန်တော့ကြသည်။

ဆက်လက်၍ အသက်အကြီးဆုံး အဘိုးအဘွား ဇာတ်သဘင်ပညာရှင် ဦးရွှေဒေါင်းညို(၉၄နှစ်)နှင့် မြန်မာစာအဖွဲ့ဝင် ဒေါ်အုန်းခင်(၉၂နှစ်)တို့အား အသင်းဝင်များက ထပ်မံပူဇော် ကန်တော့ကြပြီး အဘိုးအဘွားများ ကိုယ်စား မိုးလေဝသနှင့်ဇလဗေဒ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မန္တလေး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဗုဒ္ဓဒေသနာပြန့်ပွားရေး ပညာဌာနတွဲဖက်ဌာနမှူး ဦးဌေးအောင်က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(က–ပ)**



# မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် ဝန်ကြီးများရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (COMMIT Inter-Ministerial Meeting)သို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် လာအိုနိုင်ငံ Ministry of Labour and Social Welfare မှ ဝန်ကြီး H.E. Mr. Somphanh Phengkhammy, Ministry of Justic မှ Vice Minister H.E. Mr. Ket Kiettisak နှင့်အဖွဲ့ဝင်များသည် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ Ministry of Public Security မှ Vice Minister H.E. Lt. Gen. Dr. Le The Tiem, Women's Union မှ Vice-President H.E. Ms.Nguyem Thi Oanh နှင့် အဖွဲ့ဝင်များသည် လည်းကောင်း ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ နိုင်ငံသံရုံးများမှ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

# ဖားကန့်မြို့နယ် လုံးခင်းကျောက်စိမ်းတူးဖော်ရေးဌာန ပဉ္စမအကြိမ် ကျောက်စိမ်းရောင်းချပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကုမ္ပဏီများ ဝင်ငွေအမြန်ရရှိစေပြီး လုပ်ငန်းသုံးငွေများ လည်ပတ်စေရန် နယ်မြေဒေသအတွင်း မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်းရောင်းဝယ်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကျောက်စိမ်းအချောထည်ထုတ်လုပ်ရောင်းချသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များ ကျောက်စိမ်းအချောထည်ထုတ်လုပ်ရန်အတွက် ကျောက်စိမ်းကုန်ကြမ်းများ ရရှိစေရန်၊ ကျောက်စိမ်းများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်နှင့် ဝယ်ယူရရှိသည့် ကျောက်စိမ်းရိုင်းများကို ဖြတ်တောက်ပြုပြင်ပြီး အဆင့်မီသည့် ကျောက်စိမ်းများကို ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်နှင့်အကျိုးတူ လုပ်ငန်းများမှ တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်စိမ်းအသားကျောက်ရိုင်းများကို ကျပ်ငွေဖြင့် ရောင်းချပွဲ ကျင်းပမည်ဖြစ်သည်။

**ဈေးပြိုင်ရောင်းချ**

ကျောက်စိမ်းရောင်းချပွဲကို ဖားကန့် မြို့နယ် လုံးခင်းကျောက်စိမ်းတူးဖော်ရေးဌာန ကျောက်စိမ်းခန်းမ၌ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျင်းပမည်ဖြစ်ပြီး ရောင်းချပွဲအစီအစဉ်မှာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို စစ်ဆေးကြည့်ရှုခွင့်ပြုပြီး ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ကျောက်စိမ်း အတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။

ကျောက်စိမ်းများကို ရောင်းချရာတွင် ပထမအကြိမ်မှ စတုတ္ထအကြိမ်ရောင်းချပွဲများအတိုင်း အတွဲများဖွဲ့စည်းပြီး အခြေခံဈေးနှုန်းသတ်မှတ်၍ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချမည်ဖြစ်သည်။ ငွေများပေးချေရာတွင် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် စာရင်းရှင်ငွေသွင်းလွှာဖြင့် ပေးချေရမည်ဖြစ်သည့်အပြင် ဝယ်ယူရရှိသည့် ကျောက်စိမ်းများကိုလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့သာ သတ်မှတ်ချက်များနှင့်အညီ သယ်ဆောင်ခွင့်ပြုခြင်းများကို ကော်မတီ၊ ဆပ်ကော်မတီများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

**ဆက်သွယ်ဆောင်ရွက်နိုင်**

ကျောက်စိမ်းရောင်းချပွဲသို့ တက်ရောက်ခွင့် မှတ်ပုံတင်ခြင်း၊ လျှောက်လွှာများ ထုတ်ယူခြင်းနှင့် လိုအပ်သည်များကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း) ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန စခန်းရုံး(မြစ်ကြီးနား၊ မန္တလေး)မြို့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ball Room ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ**(အပေါ်ပုံ)** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ အစည်းအဝေး၏ အတွင်းရေးမှူးအဖွဲ့ဖြစ်သော UNIAP မှ တာဝန်ရှိပုဂ္ဂိုလ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (Regional Plan of Action)တို့နှင့် စပ်လျဉ်း၍ ဆက်လက်ညှိနှိုင်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အီရတ်တပ်ဖွဲ့ဝင် ၁၁ဦး ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

**အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးအုပ်စုများက နိုင်ငံခြားသားများ အပါအဝင် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်သူများဖြစ်သည့် အီရတ်အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင်များကိုပါ ဓားစာခံအဖြစ်ဖမ်းဆီးလျက်ရှိရာ အီရတ်အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ဦးအား ဓားစာခံများအဖြစ် ဖမ်းဆီးထားကြောင်း ဓားစာခံများကို ဖမ်းဆီးထားသည့် လက်နက်ကိုင်အုပ်စုက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။**

အဆိုပါ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၁ဦးကို ဖမ်းဆီးထားကြောင်းနှင့် ၎င်းအီရတ်အမျိုးသားတပ်ဖွဲ့ဝင် ၁၁ဦး၏ ရုပ်ပုံများကိုလည်း ပြသခဲ့ကြောင်း သိရသည်။

### ဖမ်းဆီး

ယင်းလက်နက်ကိုင် တိုက်ခိုက်ရေးအုပ်စုတစ်ခုဖြစ်သည့် ပြန်ပေးဆွဲသူများက ပြောကြားရာတွင် အီရတ်အမျိုးသား လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ဦးကို အီရတ်နိုင်ငံ ဟီလာမြို့နှင့် ဘဂ္ဂဒက်မြို့အကြား အဝေးပြေးလမ်းမပေါ်တွင် ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ သို့သော် မည်သည့် အချိန်ကဖမ်းဆီးခဲ့ကြောင်းကိုမူ ပြောကြားခြင်းမရှိပေ။

ယခုအခါ အီရတ်နိုင်ငံတစ်ဝန်းတွင် လက်နက်ကိုင်အုပ်စုများက ဓားစာခံပြန်ပေးဆွဲမှုများကို တိုးမြင့်ပြုလုပ်လျက်ရှိပြီး တောင်းဆိုမှုများ ပြုလုပ်လာလျက်ရှိသည်။ **(အင်တာနက်)**



**ချီလီနိုင်ငံသို့ အမေရိကန်သမ္မတဘုရှ် အလည်အပတ် လာရောက်မည်ကို ဆန့်ကျင်ဆန္ဒပြနေသူများအား ဆန်တီရာဂိုမြို့တွင် အောက်တိုဘာ၂၆ရက်ကတွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များအား ခုခံသူများက ထိရောက်သော တိုက်ခိုက်မှုများ ပြုလုပ်နေ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၆**

အီရတ်ရဲတပ်ဖွဲ့နှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များတွင် အီရတ်လက်နက်ကိုင် ခုခံရေးသမားများကင်းသော တပ်ဖွဲ့ဟူ၍မရှိကြောင်း၊ အီရတ်တပ်ဖွဲ့များအတွင်း ခုခံတိုက်ခိုက်ရေးသမားများ ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း အမေရိကန် စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

### သက်သေပြ

အီရတ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များ လှုပ်ရှားမှုများကို တိုက်ခိုက်ရေးသမားများက အသေးစိတ်သိရှိနေပြီး တိကျသေချာသော တိုက်ခိုက်မှု များပြုလုပ်နေကြောင်းကို အောက်တိုဘာ၂၄ရက်က ဖြစ်ပွားခဲ့သည့် အီရတ်တပ်ဖွဲ့ဝင်များသေဆုံးမှုက သက်သေပြနေကြောင်း သိရသည်။

### ပြုလုပ်နိုင်

ထို့ပြင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၊ အီရတ်ကြားဖြတ်အစိုးရနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ၊ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်ရာတွင် အလွန်လွယ်ကူစွာဖြင့် ထိရောက်စွာပြုလုပ်နိုင်စွမ်းရှိကြသည်။

### စိုးရိမ်မကင်း

မကြာမီက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများတွင် ပစ်မှတ်ကို တိကျစွာ တိုက်ခိုက်နိုင်ခဲ့မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ အနေဖြင့် စိုးရိမ်မကင်း ဖြစ်လျက်ရှိကြသည်။

**(အင်တာနက်)**

## ဒဏ်ရာရ

**ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော ကလေးငယ်တစ်ဦးအား အောက်တိုဘာ ၂၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)






# အောက်တိုဘာ ၂၇ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၀၉ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

အောက်တိုဘာ ၂၇ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၀၉ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၅၁ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။

### သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

### ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၇၁ ဦးဖြစ်ပြီး ယင်းအနက် ၇၃၇ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၃၄ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# အီရတ်ကြားဖြတ်အစိုးရ တာဝန်ယူပြီးနောက် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

**မိမိ၏ဝန်ကြီးဌာနသည် တပ်သားသစ်များကို မကြာမီလများအတွင်း အရှိန်အဟုန်တိုးမြှင့် တိုက်ခိုက်လာခဲ့သော လက်နက်ကိုင်ပြောက်ကျားများအား နှိမ်နင်းရန် လုံလောက်စွာလေ့ကျင့်ထားသည့် ရဲတပ်ဖွဲ့များရရှိရေးအတွက် အချိန်ပိုမိုလိုအပ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဖာလက်ချ်အယ်လ်နာကွစ်က ပြောကြားသည်။**

အီရတ်တွင် ဇွန်လကစပြီး ကြားဖြတ်အစိုးရ တာဝန်ယူဆောင်ရွက်ခဲ့ကတည်းက အသေခံကားဗုံး ဖောက်ခွဲမှုကြောင့် လူ၅၆၇ဦးသေဆုံးခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးက အင်္ဂါနေ့တွင် ပြောကြားသည်။

### လေ့ကျင့်မှုမရှိ

အကြမ်းဖက် တိုက်ခိုက်မှုများကို နှိမ်နင်းရန်အတွက် အီရတ်ရဲအဖွဲ့သည် လေ့ကျင့်မှုမရှိကြောင်း၊ အီရတ်ရဲအဖွဲ့သည် ပြစ်မှုကျူးလွန်သူများနှင့် ဓားပြများကို ဖမ်းဆီးရန်သာ လေ့ကျင့်ထားခြင်းဖြစ်ကြောင်း အီရတ်ကြားဖြတ် အမျိုးသားကောင်စီသို့ နာကွစ်က ပြောကြားသည်။

မိမိတို့သည် အဆိုပါပြဿနာများကို တစ်နေ့တစ်ညအတွင်း အဖြေမရှာနိုင်ကြောင်း တစ်လ သို့မဟုတ် ခြောက်လအတွင်း ကောင်းမွန်သည့်ရလဒ်ရောက်ရှိနိုင်မည်မဟုတ်ကြောင်း၊ မိမိတို့ အချိန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

စက်တင်ဘာလတွင် လူ ၁၅၂ဦး ပြန်ပေးဆွဲခံခဲ့ရကြောင်း၊ ၎င်းတို့အနက် ခုနစ်ဦးကို ရဲအဖွဲ့က ကယ်ဆယ်ခဲ့ကြောင်း၊ ၁၆ဦးကို ငွေပေး၍ပြန်ရွေးခဲ့ကြောင်း၊ ၃၁ဦးကို ပြန်ပေးဆွဲသူများက ပြန်လွှတ်ပေးခဲ့ပြီး တစ်ဦးသေဆုံးသည်ကိုတွေ့ရကြောင်း နာကွစ်က ပြောသည်။ မည်သည့် နိုင်ငံသားများဖြစ်သည်ကို ၎င်းက ပြောကြားခြင်း မရှိပေ။

ထရက်ကားယာဉ်မောင်းသမားများ၊ လုံခြုံရေးအစောင့်များနှင့် ကန်ထရိုက်တာများဖြစ်သော အီရတ်တွင် အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံခြားသားများအနက် ၁၀ဦးသည် ၎င်းတို့၏ နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ထွက်ခွာသွားလိုကြသော လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများ၏ ဖမ်းဆီးခြင်းနှင့် တစ်ခါတစ်ရံ သတ်ဖြတ်ခြင်း ခံကြရသည်။

အစိုးရဌာနများအား ဩဂုတ်လတွင် ၆၄၅ကြိမ်နှင့် စက်တင်ဘာလတွင် အကြိမ် ၁၂၀ တိုက်ခိုက်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုများကြောင့် လူ၁၉၃ဦး အသီးသီး သေဆုံးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုများမှာ အကြီးမားဆုံး သေဆုံးဒဏ်ရာရမှုများ ဖြစ်သည်။ အီရတ်ကြားဖြတ်အစိုးရ တတ်လာသည့် ဇွန်လတွင် ကားဗုံး ၁၈ခုကြောင့် လူ၁၂၈ဦး သေဆုံးခဲ့ကြောင်း၊ ဩဂုတ်လတွင် ကားဗုံး ၂၀ကြောင့် လူ၂၈ဦးနှင့် စက်တင်ဘာလတွင် ကားဗုံး ၂၀ကျော်ကြောင့် လူ၁၆၈ဦး သေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားနိုင်သောရောဂါများ ဘူးခွံများပေါ်၌ဖော်ပြမည်

**လန်ဒန် အောက်တိုဘာ ၂၆**

ဆေးလိပ်ဘူးခွံများပေါ်တွင် ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားနိုင်သော ရောဂါအခြေအနေရုပ်ပုံများ ရိုက်နှိပ်ဖော်ပြရန် ဥရောပကော်မရှင်က အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့သည်။ ဆေးလိပ်သောက်သုံးပါက ခန္ဓာကိုယ်တွင် မည်ကဲ့သို့ ဖြစ်ပွားလာနိုင်သည်ဆိုသော ရုပ်ပုံများဖော်ပြခြင်းဖြင့် ဆေးလိပ်သောက်သုံးခြင်းမရှိစေရန် ကြိုးပမ်းမှုတစ်ရပ် ဖြစ်သည်။

ဆေးလိပ်သောက်သုံးမှုကြောင့် သွေးလွှတ်ကြောများပိတ်ဆို့မှုဖြစ်ပွားကြောင်း၊ ဗြိတိန်နိုင်ငံ၏ ဆေးလိပ်သောက်သုံးမှုတိုက်ဖျက်ရေး လှုပ်ရှားမှုတွင် ပြသလျက်ရှိသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဆိုးကျိုးခံစားရသူ တစ်ဦးအကြောင်းကိုလည်း ကျောင်းများတွင် လွန်ခဲ့သောနှစ်နှစ်ကစ၍ ပညာပေး ပြသလျက်ရှိသည်။

ရောဂါဖြစ်ပွားသည့်ပုံများသည် ဆေးလိပ်သောက်သုံးသူများကို ကြောက်လန့်တကြားဖြစ်စေပြီး မြန်မြန်ဆန်ဆန် ဆေးလိပ်ဖြတ်လာကြကြောင်း ကနေဒါနိုင်ငံမှ စစ်တမ်းတစ်ခုအရ သိရသည်။ ဆေးလိပ်သောက်သုံးမှုကြောင့် ဗြိတိန်နိုင်ငံတွင် တစ်နှစ်လျှင် လူပေါင်းတစ်သိန်းနှစ်သောင်းကျော် သေဆုံးလျက်ရှိသည်။ ဆေးလိပ်တစ်ဘူးကို ကောက်ကိုင်လိုက်တိုင်း ၎င်းတို့၏ ကျန်းမာရေးအခြေအနေကို ဘယ်လောက်ဆိုးရွားသွားစေသည်ဆိုခြင်းကို ဥရောပမှ ဆေးလိပ်သောက်သုံးသူများအနေဖြင့် မကြာမီတွင် သိရှိနိုင်တော့မည် ဖြစ်သည်။ **(စီအင်န်အင်န်)**



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းရန် လျှပ်စစ်ကျွမ်းကျင်လုပ်သားများ လုပ်ကိုင်ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၂၆ ရက်က တွေ့ရစဉ်။** (တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမှုနှင့်အညီ လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်နေကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

# အာရှနိုင်ငံများနှင့် အိန္ဒိယကုန်သွယ်မှု လာမည့်နှစ်များတွင် ပိုမိုတိုးတက်လာမည်

နယူးဒေလီ အောက်တိုဘာ ၂၇

**အိန္ဒိယပို့ကုန်များ တရုတ်နိုင်ငံသို့ အပြည့်အဝ တင်ပို့လျက်ရှိသကဲ့သို့ အာဆီယံနိုင်ငံများနှင့်လည်း လွတ်လပ်သော ကုန်သွယ်ရေး ဒေသထူထောင်လျက်ရှိသဖြင့် အာရှနိုင်ငံများနှင့်အတူ အိန္ဒိယနိုင်ငံ၏ကုန်သွယ်ရေးသည် လာမည့်နှစ်များအတွင်း ခုန်တက်မည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်က ပြောကြားသည်။**

အိန္ဒိယနိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် အာရှနိုင်ငံများနှင့် အထူးသဖြင့် တရုတ်နိုင်ငံနှင့် အပြည့်အဝကုန်သွယ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံက ၎င်း၏ ဈေးကွက်ရှယ်ယာနှစ်ဆရရှိစေရန် စီစဉ်ခဲ့မှုကြောင့် ဖြစ်ကြောင်း အိုင်အမ်အက်ဖ် ညွှန်ကြားရေးမှူးဒေးဗစ်ဘာတွန်က ပြောကြားသည်။

## တိုးတက်ခဲ့

အာရှနိုင်ငံများသည်လည်း အိန္ဒိယနိုင်ငံနှင့်အတူ ကုန်သွယ်ရေး အကျိုးအမြတ်များ ဖြစ်ထွန်းခဲ့သည်။ လွန်ခဲ့သော နှစ်များက သွင်းကုန်တွင် ၂၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ကုန်သွယ်မှု၊ လွတ်လပ်စွာကြီးထွားလာမှုနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသည် ပူးပေါင်းဆောင်ရွက်ခြင်း ကြီးထွားခြင်းမှ ဒေသတွင်း စီးပွားရေး အလားအလာနှင့် အကျိုးအမြတ်များ ရရှိရန် အဓိကအကြောင်း အရင်းဖြစ်ကြောင်း ဘာတွန်က ပြောကြားသည်။

အိန္ဒိယပို့ကုန်သည် တိုးတက်များပြားလာလျက်ရှိပြီး အာရှမှ သွင်းကုန်ဈေးကွက်သည် သေးငယ်လျက်ရှိကြောင်း ၎င်းကလေ့လာ တင်ပြခဲ့သည်။

## အပြောင်းအလဲ

သို့သော်လည်း လာမည့်နှစ်များတွင် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး တိုးတက်မှုအရှိန်အဟုန်ကြောင့် အာရှနိုင်ငံများမှ သွင်းကုန်များသည် အပြောင်းအလဲဖြစ်နိုင်သည်ဟု ဘာတွန်က ပြောကြားသည်။

**အမ်အင်အေ၊ပီတီအိုင်**

# ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများမှ ထုတ်ကုန်များ ဖွံ့ဖြိုးပြီးနိုင်ငံများမှ အထူးအားပေးစေလို

ဒါကာ အောက်တိုဘာ ၂၇

ဖွံ့ဖြိုးမှုနည်းနိုင်ငံများ (အယ်လ်ဒီစီ)မှ ထုတ်ကုန်များကို ဖွံ့ဖြိုးပြီး နိုင်ငံများမှ အထူးထောက်ခံအားပေးစေလိုကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လိုလားချက်များကို တနင်္ဂနွေနေ့က ပြုလုပ်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ကြီးဌာနအကြံပေး ကော်မတီစည်းဝေးစဉ် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့၌ ပြောကြားသည်။

ယင်းအစည်းအဝေးတွင် မကြာသေးမီက ဒဗလျူတီအို၏ ဆုံးဖြတ်ချက် အချို့ကိုဆွေးနွေးခဲ့ကြောင်း၊ ယင်းတို့တွင် စင်ကာပူ ကိစ္စလေးခုမှ တစ်ခုဖြစ်သော ကုန်သွယ်ရေးဆွေးနွေးမှု ဆက်လက် ပြုလုပ်ရေး ပါဝင်သည်။

အဆိုပါ စင်ကာပူဆွေးနွေးမှုလေးရပ်မှာ ကုန်သွယ်မှုလွယ်ကူ စေခြင်း၊ ကုန်သွယ်မှုနှင့် ယှဉ်ပြိုင်မှုမူဝါဒ နားလည်သဘောပေါက်မှုနှင့် အစိုးရ၏ ကြိုးပမ်းမှုတို့ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖွံ့ဖြိုးပြီး နိုင်ငံများမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိပ်ကမ်းများ ခေတ်မီတိုးတက်စေရေး အကူအညီရရှိစေရန် မျှော်လင့်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အယ်ကာ့ဖ်ဟော့ဆင်ခရော့ဟာရီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ကျင်းပမည်

ဗန်ကောက် အောက်တိုဘာ ၂၇

နိုဝင်ဘာပထမပတ်တွင်ကျင်းပပြုလုပ်မည့် "တရုတ်-အာဆီယံ နိုင်ငံတကာကုန်စည် ပြပွဲ၂၀၀၄"တွင် ထိုင်းနိုင်ငံမှ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ထိုင်းနိုင်ငံ၏ သစ်သီးဝလံဈေးကွက် ချဲ့ထွင်သွားမည် ဖြစ်ကြောင်း ထိုင်းသတင်းဌာနမှ တနင်္လာနေ့က ထုတ်ပြန်ကြေညာသည်။

တရုတ်ပြည်တောင်ပိုင်း နန်နင်းမြို့တွင် နိုဝင်ဘာ ၃ရက်မှ ၆ရက်ထိ ကျင်းပမည့် ယင်းကုန်စည်ပြပွဲတွင် ထိုင်းနိုင်ငံမှ သစ်သီးဝလံနှင့် ကောက်ပဲသီးနှံများအား အဓိကထား ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ယင်းတို့မှာ ဆန်စပါး၊ ရော်ဘာ၊ လိမ္မော်၊ သရက်သီးနှင့် အစေ့မပါသော မာလကာသီးတို့ ဖြစ်သည်။

ကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်လွန်စွာ အကျိုးသက်ရောက်မှု ရရှိရန်ဟူသော ရည်မှန်းချက်ဖြင့် ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ပူးတွဲကျင်းပခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**စင်ကာပူ၌ အီလက်ထရွန်းနစ်ပစ္စည်းများ ထုတ်လုပ်ပေးနေသော မိုးမျှော် အဆောက်အအုံများကို တွေ့ရစဉ်။** (စင်ကာပူနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် အဓိက ထုတ်ကုန်ပစ္စည်းများ ပံ့ပိုးပေးရာ နေရာဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**



# ပထမကိုးလတွင် ရှန်ဟိုင်းဂျီဒီပီတိုးတက်

ရှန်ဟဲ အောက်တိုဘာ ၂၅

တရုတ်နိုင်ငံ၏ စီးပွားရေး မောင်းနှင်စွမ်းအားတစ်ခုဖြစ်သည့် ရှန်ဟိုင်းသည် ယခုနှစ်ပထမကိုးလတွင် စီးပွားရေးကောင်းမွန်ခဲ့သည်ဟု ဆိုသည်။

ရှန်ဟိုင်း၏ ဂျီဒီပီခေါ် ထုတ်ကုန်တန်ဖိုးသည် ပထမကိုးလတွင် ယွမ် ဘီလီယံ ၅၃၀ဒသမ ၅ (အမေရိကန်ဒေါ်လာ ၆၃ဒသမ ၉ဘီလီယံ) ရှိခဲ့သည်။ နှစ်ချင်းအလိုက် ၁၄ဒသမ ၂ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယင်းတိုးတက်မှုနှုန်းသည် နှစ်စပိုင်းကထက် ၂ဒသမ ၄ရာခိုင်နှုန်း ပိုမြင့်ခဲ့ကြောင်း မြူနီစီပယ်စာရင်းအင်းဌာနပြောခွင့်ရ ပုဂ္ဂိုလ်ကိုင်ဟူချူးက သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဇန်နဝါရီလမှ စက်တင်ဘာလတွင် ရှန်ဟဲအဓိက စက်မှုလုပ်ငန်းများသည် ယွမ် ၂၅၁ ဒသမ ၃ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၀ဒသမ ၃ ဘီလီယံ) ထုတ်ကုန်တန်ဖိုး တက်ခဲ့ကြောင်း၊ ယမန်နှစ်အလားတူ ကာလထက် ၂၃ဒသမ ၂ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကိုင်က ပြောကြားသည်။

ယင်းတို့သည် ထိုကာလအတွင်း အရောင်းဝင်ငွေ ယွမ် ၉၉၈ဒသမ ၅ဘီလီယံရှိခဲ့ပြီး ၂၀၀၃ခုနှစ်ကထက် ၃၀ဒသမ ၃ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ယင်းငွေတွင် အမြတ်ငွေ ၇၇ဒသမ ၂ဘီလီယံယွမ် (အမေရိကန်ဒေါ်လာ ၉ဒသမ ၃ဘီလီယံ)ပါဝင်သည်။ ၃၃ ဒသမ ၅ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ကိုင်က ဆက်လက်ပြောကြားသည်။

အဆိုပါ ကိုးလတာကာလတွင် ရင်းနှီးမြှုပ်နှံမှု ယွမ် ၂၃၁ဒသမ ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ၉ဘီလီယံ)ရှိကာ နှစ်ချင်းအလိုက် ၂၅ ဒသမ ၉ရာခိုင်နှုန်း တိုးတက်ခဲ့ သည်။ **အမ်အင်အေ၊ဆင်ဟွာ**




# တရုတ်ပြည်သူ ၉၃ ရာခိုင်နှုန်းကျော် ရေဒီယို နားဆင်ခွင့်ရကြပြီ

ပေကျင်း အောက်တိုဘာ ၂၇

တရုတ်ပြည်သူ ၉၃ ဒသမ ၅၆ ရာခိုင်နှုန်းကို ရေဒီယိုထုတ်လွှတ်ပေးလျက်ရှိကြောင်း၊ ယမန်နှစ်ကထက် ၀ ဒသမ ၂၂ရာခိုင်နှုန်း တိုးလာကြောင်း တရုတ်နိုင်ငံ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဌာနက တနင်္လာနေ့၌ ပြောကြားသည်။

တရုတ်နိုင်ငံတွင် လောလောဆယ်တွင် အနည်းဆုံး ရေဒီယိုအလုံး သန်း ၅၀၀ရှိပြီး၊ ၁ ဒသမ ၂ဘီလီယံကျော်ခန့် ဖမ်းယူနားဆင်နေကြကြောင်း၊ အဆိုပါဌာန၏ဒုတိယညွှန်ကြားရေးမှူး ချုပ်တီယန်ကျင်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ရေဒီယိုထုတ်လွှင့်ရေးခန်း၁၄၉၈ခုရှိကြောင်း၊ နေ့စဉ် အစီအစဉ်ပေါင်း ၁၈၆၈ ရှိကြောင်း၊ ထုတ်လွှင့်မှုနာရီ စုစုပေါင်း၂၄၅၀၃နာရီ ရှိကြောင်း ၎င်းကပြောကြားသည်။

၂၀၀၄ တရုတ် ရေဒီယိုဖွံ့ဖြိုးရေး အစည်းအဝေးတွင် အစီအစဉ်ထုတ်လုပ်ရေး၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ ရေဒီယိုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ရေဒီယိုလွှင့်စက်ရုံ စီမံခန့်ခွဲမှုများ ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

အဆိုပါသုံးရက်ကြာအစည်းအဝေးတွင် ပြည်တွင်းပြည်ပမှ ရေဒီယိုထုတ်လွှင့်သူကိုယ်စားလှယ် ၂၀၀ကျော်အား ဖိတ်ကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လူသား၏ ပရိုတိန်းအကြောင်း လျှို့ဝှက်ချက်ဖော်ထုတ်နိုင်လျှင် ရောဂါများပျောက်ကင်းစေမည့် ဆေးဝါးများထုတ်လုပ်နိုင်မည်

ပေကျင်း အောက်တိုဘာ ၂၇

လူသားတို့၏ပရိုတိန်းလေ့လာရေးသုတေသနဌာနသည် လာမည့် ဆယ်စုနှစ် နှစ်စုအတွင်း ဆေးဝါးအသစ်များစွာ ထုတ်လုပ်မည်ဖြစ်ကြောင်း လူသားပရိုတိန်း လေ့လာရေးအဖွဲ့(ဟူပို)ဥက္ကဋ္ဌ ဂျွန်ဘာဂျာရွန်က တနင်္လာနေ့တွင် ပေကျင်း၌ ပြောကြားသည်။

၂၀၀၁ ခုနှစ်တွင် ဟူပိုက လူသားပရိုတီရိုမီစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာ နှစ်ပေါင်း၂၀အတွင်း ပရိုတိန်း ဆောင်ရွက်ချက်ဆိုင်ရာ ၅၀၀၀ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ကင်ဆာကဲ့သို့ သေစေနိုင်လောက်သည့် ရောဂါများ ရှာဖွေကုသရန်အခွင့်အလမ်းများ ထောက်ပံ့ပေးနိုင်ကြောင်း သိရသည်။

၁၉၉၀ ပြည့်လွန်နှစ်များက လူသားဂျင်နိုမီစီမံကိန်းပြီးဆုံးခဲ့ပြီးနောက် ပရိုတီရိုမီစီမံကိန်းကို အခြားသော ဇီဝသိပ္ပံဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပရိုတိန်းသည် လူ့ကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ အခြေခံဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သိပ္ပံပညာရှင်များသည် လူသားပရိုတိန်းများ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်လျှင် လူ့အသက်၏ ပိုင်စိုးမှုနှင့် များပြားလှသောရောဂါများ၏ ရောဂါဗေဒကို ဖော်ထုတ်နိုင်မည်ဖြစ်ကာ ပရိုတိန်း ၅၀၀ကို အခြေခံ၍ လူ့အကျိုးပြု ကျန်းမာစေမည့် ဆေးဝါးအမျိုးပေါင်း ၂၀၀၀ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

● **ကျောဖုံးမှ**

ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌လည်းကောင်း၊ မယ်ဒလင်အတီးပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း အသီးသီး ကျင်းပကြသည်။

## ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ ဒိုးပတ်အတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲနှင့် မယ်ဒလင် အတီးပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အနုပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် ဂီတပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်ခင်မြတ်နိုးကြသောပြည်သူများအပြင် ကမ္ဘာလှည့် ခရီးသည်များလည်း လာရောက် နားသောတဆင်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုကို ရုပ်ငြိမ်၊ ရုပ်မြင်ကင်မရာများဖြင့်လည်း မှတ်တမ်းတင်ကြသည်။

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

## အဆိုပြိုင်ပွဲ

ရှေးဦးစွာ အခြေခံပညာအဆင့် အသက် (၁၅–၂၀) နှစ်(အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို ကျင်းပရာ အေဝမ်းစိုးမြင့် ရေးစပ်သီကုံးပြီး အဆိုတော် တင်တင်မြ သီဆိုခဲ့သည့် **'ဗုဒ္ဓရောင်ခြည်'** သီချင်းဖြင့် ပဲခူးတိုင်းမှ မပဟေမာန်စိုးမိုး၊ မွန်ပြည်နယ်မှ မအေးမြသီတာ၊ ရှမ်းပြည်နယ်မှ မယုဖြူအေး၊ ရခိုင်ပြည်နယ်မှ မခင်သက်စု၊ မန္တလေးတိုင်းမှ မသော်တာချမ်းမြေ့၊ ဧရာဝတီတိုင်းမှ မဇင်မာဦး၊ တနင်္သာရီတိုင်းမှ မဆုဦးလင်း၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ကချင်ပြည်နယ်မှ မလဲ့လဲ့ဝင်း၊ ရန်ကုန်တိုင်းမှ မအိအိချွန်၊ စစ်ကိုင်းတိုင်းမှ မစုစုလှိုင်၊ ချင်းပြည်နယ်မှ မငွန်လဲင်းဆုန်၊ ကရင်ပြည်နယ်မှ မဖြူဖြူကျော်၊ မန္တလေးတိုင်းမှ မရတနာဦးနှင့် မကွေးတိုင်းမှ မရွှေစင်မိုးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီခွဲတွင် ပြိုင်ပွဲကို ခေတ္တ ရပ်နားသည်။

## ခေတ်ဟောင်း/ကာလပေါ်

ထို့နောက် ဝါသနာရှင်အဆင့်(အမျိုးသား)ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးပြီး ကိုအံ့ကြီး သီဆိုခဲ့သည့် **'စိမ်းမြလှုံခြယ် အောင်ပင်လယ်'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးမျိုးမြင့်အောင်၊ ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်၊ ကယားပြည်နယ်မှ ဦးတိုးတိုးအောင်၊ မန္တလေးတိုင်းမှ ဦးမြင့်မျိုး၊ တနင်္သာရီတိုင်းမှ ဦးတင်အုန်း၊ မွန်ပြည်နယ်မှ မင်းခင်မောင်ဇော်၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်၊ ရှမ်းပြည်နယ်မှ ဦးအောင်အောင်၊ မန္တလေးတိုင်းမှ ဦးရဲသွေး(ခ) ဗိုလ်ထူး၊ ကရင်ပြည်နယ်မှ ဦးစိုင်းသောင်းမြင့်ထွန်း၊ မကွေးတိုင်းမှ ဦးမျိုးခိုင်၊ ကချင်ပြည်နယ်မှ ဦးသက်ဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးအောင်ကျော်၊ ဧရာဝတီတိုင်းမှ ဦးမောင်မြင့်၊ ပဲခူးတိုင်းမှ ဦးအောင်ခိုင်နှင့် ချင်းပြည်နယ်မှ ဦးကျုံးလျန်ထောင်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ၁၅ရက်မြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်သည်။

## မဟာဂီတအဆို

အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲတို့ကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။



ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲ အခြေခံပညာ အဆင့် အသက်(၁၀–၁၅) နှစ် (အမျိုးသမီး) မယ်ဒလင် အတီး ပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မဖြူနှင်းဝေယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)

## ဒိုးပတ်ပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် ဒိုးပတ်အတီးပြိုင်ပွဲတွင်ဧရာဝတီတိုင်းမှ ဦးချစ်ကျော်ကျော်နှင့် အဖွဲ့၊ မန္တလေးတိုင်းမှ ဦးအောင်ကျော်ကျော်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးဌေးအောင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးဌေးလွင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးစံမြင့်(ခ)ချစ်ကောင်းနှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးကျော်ဇင်လတ်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်သူ(ခ)အောင်နိုင်ဝင်းနှင့်အဖွဲ့နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ကိုလင်းနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို မွန်းလွဲ ၁၂ နာရီခွဲတွင် ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် ဒိုးပတ်အတီး ပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်ဘိုဘိုနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်မင်းသိခ်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်နေလင်းထွန်း(ခ) နီထုံးနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းကိုကိုနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်သုတထွန်းနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ပြိုင်ပွဲဝင်ကြသည့် ဝါသနာရှင်အဆင့်ဒိုးပတ်အတီးပြိုင်ပွဲနှင့်အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် ဒိုးပတ်အတီးပြိုင်ပွဲများကို ဗဟိုအကဲဖြတ်အဖွဲ့ ခေါင်းဆောင်ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၉ရက်နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့်မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတို့ကို ပဒုမ္မာဇာတ်ရုံတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## ပတ္တလားပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလား



ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲ အခြေခံပညာ အဆင့် အသက်(၁၅–၂၀) နှစ် (အမျိုးသမီး) ဓမ္မပူဇာတေးအဆို ပြိုင်ပွဲတွင် မကွေးတိုင်းမှ မရွှေစင်မိုး ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇ ဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် **'မှိုင်းမှိုင်းမြ(သီချင်းခန့်)'**သီချင်းဖြင့် ပဲခူးတိုင်းမှ မခိုင်သန္တာစိုး၊ မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ ကချင်ပြည်နယ်မှ မသန်းသန်းနွယ်၊ ရှမ်းပြည်နယ်မှ မလှိုင်သက်ထားဖြူ၊ မွန်ပြည်နယ်မှ မအိပွင့်ဖြူ၊ ဧရာဝတီတိုင်းမှ မဇာဇာစိုး၊ ရန်ကုန်တိုင်းမှ မအေးချမ်းမြတ်ဖြိုး၊ စစ်ကိုင်းတိုင်းမှ မမေသကြိန်၊ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု၊ မကွေးတိုင်းမှ မအင်ကြင်းဦး၊ ကရင်ပြည်နယ်မှမခင်မို့မို့၊ ရခိုင်ပြည်နယ်မှ မစုမူမူထွေး၊ မန္တလေးတိုင်းမှ မငြိမ်းအေးသူနှင့် တနင်္သာရီတိုင်းမှ မရွှေရည်ဆောင်းတို့ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက်အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲတွင် **'မြိုင်ခြေခိုင်ရွှေ(ပတ်ပျိုး)'** သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်အောင်အောင်၊ မွန်ပြည်နယ်မှ မောင်မျိုးသန့်၊ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်း၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးသူနှင့် ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်အောင်တို့ပါဝင် ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို ဗဟိုအကဲ ဖြတ်ခေါင်းဆောင် ဦးရည်နွယ်နှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၉ရက်တွင် ပညာရှင်အဆင့်(အမျိုးသား၊အမျိုးသမီး)၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အခြေခံပညာအဆင့်အသက်(၁၀–၁၅) နှစ် (အမျိုးသား၊အမျိုးသမီး) ဒုံမင်း အတီးပြိုင်ပွဲများကို ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

## မယ်ဒလင်ပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ မယ်ဒလင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးညိုကြီးနှင့် မယ်ဒလင် အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ **'သာသနာ့ဒါယကာ(ကာလပေါ်)'** သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်၊ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်နှင့် မောင်အောင်၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုး၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုးနှင့် မကွေးတိုင်းမှ မောင်လှိုင်မိုးတို့ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲကို ကျင်းပရာ **'မှိုင်းရိပ်ကယ်တည့်(ကြိုး)'** သီချင်းဖြင့် ပဲခူးတိုင်းမှ မဖြူနှင်းဝေ၊ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းနှင့် မကေဇင်ထွန်းဦး၊ ရှမ်းပြည်နယ်မှ မခင်မာလာနှင့် မကွေးတိုင်းမှ မကြည်ကြည်မာတို့ ပါဝင်ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)မယ်ဒလင် အတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ **'ဖေယျာအောင်ချာ(ကြိုး)'** သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ဦးမြထွန်း၊ ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင်နှင့် ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဇော်တို့ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ **'သုဝဏ္ဏသျှံ(ကာလပေါ်)'**သီချင်းဖြင့် ဧရာဝတီတိုင်းမှ မနှင်းနွယ်စိုး ပါဝင် ပြိုင်ပွဲဝင်သည်။

အောက်တိုဘာ၂၉ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး)မယ်ဒလင်အတီးပြိုင်ပွဲကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင်အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား၊ အမျိုးသမီး)မယ်ဒလင် အတီးပြိုင်ပွဲကိုလည်းကောင်း အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း တူရကီသမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၀၄ခုနှစ် အောက်တိုဘာ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအဗ္ဗဒူလာဂူး(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အတီး | အတီး | အတီး |
| ၁၆။ | ၂၉–၁၀–၂၀၀၄<br>(သောကြာနေ့) | **မဟာဂီတ**(နံနက်)<br>(၁) ပညာရှင်(မ)<br>**မဟာဂီတ**(နေ့လယ်)<br>(၂) အခြေခံ(၁၅–၂၀)(ကျား) | **မယ်ဒလင်**<br>(၁) ပညာရှင်(ကျား+မ)<br>(နံနက်)<br>(၂) အခြေခံ(၁၅–၂၀)<br>(ကျား+မ)(နေ့လယ်) | **ဒုံမင်း**<br>(၁) ပညာရှင်(ကျား+မ)<br>(နံနက်)<br>(၂) အဆင့်မြင့်(မ)<br>(နေ့လယ်)<br>(၃) အခြေခံ(၁၀–၁၅)<br>(ကျား+မ)(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်**<br>(၁) အဆင့်မြင့်(ကျား)(နံနက်)<br>(၂) ဝါသနာရှင်(ကျား)<br>(နေ့လယ်) |
| ၁၇။ | ၃၀–၁၀–၂၀၀၄<br>(စနေနေ့) | **ဓမ္မပူဇာတေး** (နံနက်)<br>(၁) ပညာရှင် (ကျား)<br>**ခေတ်ဟောင်း/ကာလပေါ်**<br>(နေ့လယ်)<br>(၂) အခြေခံ(၁၀–၁၅)(မ) | **မယ်ဒလင်**<br>(၁) အခြေခံ(၅–၁၀)<br>(ကျား+မ)(နံနက်)<br>(၂) ဝါသနာရှင်(ကျား+မ)<br>(နေ့လယ်) | **ပတ္တလား**<br>(၁) ပညာရှင်(ကျား)(နံနက်)<br>(၂) ပညာရှင်(မ)(နေ့လယ်) | **ဆိုင်းတစ်ဦးချင်း**<br>(၁) အဆင့်မြင့်(ကျား)(နံနက်)<br>(၂) ဝါသနာရှင်(ကျား)<br>(နေ့လယ်) |

# ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့်ဝါကျွတ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာတွင် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့်သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ယနေ့နံနက် ၈နာရီက ရိပ်သာအတွင်း မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင်ရဟန်းရှင်လူ၊ယောဂီများက အဘိဓမ္မာပါဠိတော်များ၊ အဘိဓမ္မာရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြသည်။

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က အဘိဓမ္မာအခါတော်နေ့အကြောင်း တင်ပြပြီး ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဘဒ္ဒန္တကဝိဓေ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်မြတ်က အဘိဓမ္မာတရားတော်များ ဟောကြားချီးမြှင့်သည်။

ဆက်လက်၍ ဆွမ်းအလှူရှင် ဒုတိယဗိုလ်မှူးကြီးဇင်ဝေသိမ်းနှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အလှူရှင်များစာရင်းကို အတွင်းရေးမှူးဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားတင်ပြပြီး ဂုဏ်ပြုလွှာချီးမြှင့်ကာ အသက်၇၀ အထက်သက်ကြီးယောဂီ ၄၀ကျော်တို့အား လှူဖွယ်ပစ္စည်းများဖြင့်လှူဒါန်းကန်တော့ကြသည်။ ထို့နောက် ဆရာတော်ကြီးက ကုသိုလ်ကောင်းမှုများအတွက် ရေစက်ချ အနုမောဒနာ တရားချီးမြှင့်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

* ရှေ့ဖုံးမှ

အဘိဓမ္မာ တရားတော်ကို ဝါတွင်း သုံးလ(ရက်ပေါင်း၉၀)တိုင် ဟောကြားတော်မူခဲ့သည်။

## မီးထွန်းပွဲတော်ကျင်းပ

သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည် သုဒဿနမြို့ တောင်တံခါးမှ လူ့ရပ် လူ့ပြည် သင်္ကာသနဂိုရ်ပြည်သို့ တိုင် နတ်တို့ဖန်ဆင်းထားသည့် စောင်းတန်းသုံးသွယ်အနက် အလယ်ပတ္တမြား စောင်းတန်းမှဆင်းသက်လာရာ ဗြဟ္မာတို့က လက်ဝဲဘက်ငွေစောင်းတန်းမှလည်းကောင်း၊ နတ်တို့က လက်ယာဘက် ရွှေစောင်းတန်းမှလည်းကောင်း ခြံရံလျက် လိုက်ပါပို့ဆောင်ရာ လူ့ရပ်လူ့ပြည်မှ ရဟန်း ရှင်လူပြည်သူများက ဆီမီးတန်ဆောင်များ ထိန်ထိန်ညီးအောင် ထွန်းညှိကာ ကြိုဆိုဖူးမြော်ကြည်ညိုကြသည်။ ထိုကဲ့သို့ ဆီမီးထွန်းညှိပူဇော်ကြသည့် အစဉ်အလာအတိုင်း ယနေ့ထက်တိုင် ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရားရှင်ကို ဆီမီးပူဇော်သောအနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ကျင်းပကြသည်။

မြတ်စွာဘုရားရှင်သည် အဘိဓမ္မာခုနစ်ကျမ်းကို ဟောကြားတော်မူရာ၌ သီတင်းကျွတ်လပြည့်နေ့တွင် တရားတော်ပြီးဆုံးသည်ကို အကြောင်းပြု၍ ထိုနေ့ကို အဘိဓမ္မာအခါတော်နေ့ဟုလည်း ခေါ်ဆိုကြသည်။

## ကုသိုလ်ပြုသူများစည်ကား

ယနေ့သည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရား စေတီများဖြစ်ကြသည့် ရွှေတိဂုံစေတီ၊ ဆူးလေစေတီ၊ ဗိုလ်တထောင်စေတီ၊ ကမ္ဘာအေးစေတီ၊ စွယ်တော်မြတ်စေတီ၊ မယ်လမုစေတီ၊ ရွှေဘုန်းပွင့်စေတီ၊ ကျိုက္ကစံစေတီ၊ ဥက္ကလာပစေတီ၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့နှင့် ကျိုက္ကလဲ့စေတီ၊ ရွှေပြည်သာမြို့နယ်ရှိ သာစုကန်စေတီနှင့် မြို့ဦးစေတီတော်တို့အပြင် ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီးနှင့် ငါးထပ်ကြီးဘုရားများ၊ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတို့တွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကျင်းပခြင်း၊ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ပန်း၊ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာ၊ သစ်သီးဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဥပုသ်သီတင်း သီလဆောက်တည်ခြင်း စသည့် ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

## ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ သီလခံယူပွဲ ဆွမ်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် စေတီတော်ရင်ပြင် တောင်ဘက်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ စေတီတော် ဂေါပကအဖွဲ့၏ သြဝါဒစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အလားတူ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်) နေ့ အဘိဓမ္မာ ခုနစ်ကျမ်း ကောက်နုတ်ချက် ပါဠိတော်များ ရွတ်ဆိုပူဇော်ပွဲကို မွန်းလွဲ ၁ နာရီတွင် စေတီတော်ရင်ပြင် တောင်ဘက်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်စွာဘုရားအား ပင့်ပန်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအားပင့်ဖိတ်ခြင်း၊ မျှော်ချင့်ပဏာမကန်တော့လွှာဂါထာ ရွတ်ဆိုပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်နေ့ အကြောင်း လျှောက်တင်သံ သံပေါက်လင်္ကာများနှင့် ရတုတို့ကို ရွတ်ဆိုပူဇော်ခြင်း၊ ကိုးပါးသီလခံယူဆောက်တည်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ပန်း၊ ရေချမ်း၊ နံ့သာနှင့်ဆီမီးကပ်လှူကြကာ အဘိဓမ္မာအခါတော်နေ့ အကြောင်း စာတမ်းကို ဖတ်ကြားတင်ပြကြသည်။



သီတင်းကျွတ်လပြည့်နေ့က ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်၌ ဘုရားဖူးပြည်သူများ စည်ကားစွာ ကောင်းမှုကုသိုလ်ပြုနေသည့် မြင်ကွင်းကို ဤသို့ ကြည်နူးဖွယ် တွေ့ရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရွှေတိဂုံစေတီတော်တွင် နံနက် အရုဏ်တက်ချိန်မှ စတင်၍ ညပိုင်းအထိ ကောင်းမှုကုသိုလ်ပြုကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

## ဆူးလေစေတီတော်

အလားတူ ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ယနေ့ အရုဏ်တက်ချိန်တွင် စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဂေါပကအဖွဲ့ဝင်များ၊ဝန်ထမ်းများ၊ အလှူရှင်များက ပန်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာများ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းတော်ကြီး တင်လှူပူဇော်ကြသည်။

မွန်းလွဲ ၁ နာရီတွင် ကျက်သရေဆောင်ခန်းမ၌ အဘိဓမ္မာအခါတော်နေ့အခမ်းအနားကိုကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဆူးလေစေတီတော် ဝန်ထမ်းဝတ်ရွတ်အဖွဲ့က အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ညပိုင်းတွင် ဆူးလေစေတီတော်ရင်ပြင်၌ ဆီမီးငါးထောင်ထွန်းညှိပူဇော်ကြသည့်အပြင် ရောင်စုံလျှပ်စစ်မီးများဖြင့်လည်း ထွန်းညှိပူဇော်ကြသည်။

ဆူးလေစေတီတော်တွင် မေတ္တာဘာဝနာ ပွားများကြသူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဘုရားဖူး လာရဟန်း ရှင်လူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

## ဗိုလ်တထောင်ကျိုက်ဒေးအပ်စေတီ

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည်နှင့်အညီ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ ဘုရားဖူး ပြည်သူများ၊ အလှူဒါနပြုကြသူများ၊ တရားဘာဝနာ အားထုတ်ကြသူများ၊ ဥပုသ်သီတင်း ဆောက်တည်ကြသူများဖြင့် အထူး စည်ကားများပြားလျက်ရှိရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ(ယော) ဆရာတော်က မွန်းလွဲ၁၂ နာရီခွဲမှ မွန်းလွဲ ၂နာရီအထိလည်းကောင်း၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဘဒ္ဒန္တ ဝိလာသဂ္ဂ ဆရာတော်က ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း အဘိဓမ္မာအခါတော်နေ့ တရားတော်များကို ဟောကြားချီးမြှင့်တော်မူကြသည်။

## စွယ်တော်မြတ်စေတီ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၏ သတ္တမအကြိမ် အဘိဓမ္မာအခါတော်နေ့ အခမ်း အနားကို ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့နံနက်၉နာရီတွင် စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင် ဦးစံညွန့်က အဘိဓမ္မာအခါတော်နေ့ အကြောင်းရင်းကို ပြောကြားပြီး ဝတ်အဖွဲ့ခြောက်ဖွဲ့တို့က ဘုရားပင့်ခြင်း၊ နတ်ဗြဟ္မာအများတို့အား အဘိဓမ္မာတရားတော်နာရန် ဖိတ်မန္တကပြုခြင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းတောင်ရိုး ဓမ္မနာဒ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ ရေးသားတော်မူခဲ့သော အဘိဓမ္မာကျူးရင့်သံအပြည့်အစုံနှင့် အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော် ကောက်နုတ်ချက်များကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းမင်္ဂလာအမျှဝေခြင်း၊ နတ်ဗြဟ္မာတို့အား ပြန်ပို့ခြင်းများ ပြုလုပ်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်ရတုဖြင့် ရုပ်သိမ်းလိုက်သည်။

## ဥက္ကလာပစေတီ

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၅)ကြိမ်မြောက် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲ၊ ခြောက်ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့နှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ယမန်နေ့နှင့် ယနေ့တို့တွင် စေတီတော်ရင်ပြင်နှင့် ဓမ္မာရုံတော်ကြီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## လောကချမ်းသာရုပ်ပွားတော်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်တွင် တည်ထားကိုးကွယ်သည့်လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား

စာမျက်နှာ ၈ ကော်လံ ၁



သီတင်းကျွတ်လပြည့်နေ့က ဗဟန်းမြို့နယ် အောင်မြေသုခကျောင်းတိုက်အတွင်း၌ တည်ထားပြီးသော လောကမုနိ အောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီးနှင့် တတိုင်းရစေတီတော်၊ နဂါးရုံဘုရားတို့ကို ဆီမီး ၉၀၀၀ ၊ ပန်း ၉၀၀၀၊ သစ်သီး ၉၀၀၀ တို့ကို ကျောင်းဒါယကာ ဒါယိကာမများနှင့် အင်ကြင်းမြိုင်အိမ်ရာမိသားစုတို့က စုပေါင်း၍ ဆီမီးပူဇော်ကြစဉ်။ (က–ပ)



# ၉၁ လမ်း ဝါတွင်းဝါပ ဆွမ်းလောင်းဓမ္မာရုံ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့ပိုင်း ရပ်ကွက် ၉၁ လမ်းရှိ ဝါတွင်းဝါပ ဆွမ်းလောင်းဓမ္မာရုံက ကြီးမှူး၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ညနေ ၃ နာရီက ယင်းဓမ္မာရုံ၌ ကျင်းပသည်။

ဆက်လက်၍ ဆဋ္ဌမအကြိမ်မြောက် ဝါတွင်းသုံးလ ဆွမ်းအောင်ပွဲနှင့် ဝါပ ကိုးလ ဆွမ်းဖွင့်ပွဲအတွက် ပြုလုပ် လောင်းလှူမြဲဖြစ်သော ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြတ်စွာဘုရားအား အမှူးထား၍ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်မှ သံဃာတော်အရှင်သူမြတ်များနှင့် ကန်ရှေ့၊တောင်၊မြောက်ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းသုံးကျောင်းမှ သံဃာတော် အရှင်သူမြတ် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုဒါတဗ္ဗအစုစုတို့ကို ရပ်ကွက်အတွင်းရှိ ဒါယကာ ဒါယိကာမများက ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)(က–ပ)**



**အောက်တိုဘာ ၂၈ ရက်က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလ ကုန်းမြေတွင်တည်ထား ကိုးကွယ်တော်မူသော ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ သတ္တမအကြိမ် အဘိဓမ္မာအခါ တော်နေ့ အခမ်းအနားကို စေတီတော် ဂန္ဓကုဋိတိုက်အတွင်း ကျင်းပစဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

ယနေ့ နံနက် ၇ နာရီတွင် မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယနေ့နံနက်မှ ညပိုင်းအထိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား လာရောက်ကြည်ညိုဖူးမြော်ကြသူများ၊ တရားဘာဝနာပွားများ အားထုတ်ကြသူများ၊ ဥပုသ်သီလ ခံယူဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**သီရိမင်္ဂလာကမ္ဘာအေးစေတီ**

သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ အာရုံခံတန်ဆောင်း၌ကျင်းပရာ သန္တာဝတ်အသင်းမှ အသင်းသူများက အဘိဓမ္မာအခါတော်နေ့ လျှောက်တင်သီဆိုရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဝတ်အသင်းများမှ အသင်းသူများက အဘိဓမ္မာအမွှမ်းနှင့် အဘိဓမ္မာပါဠိတော်တို့ကို ရွတ်ဖတ်ပူဇော်ကြပြီး မေတ္တာပို့အမျှဝေကာ ဆုတောင်းပတ္ထနာကို မေတ္တာပို့ကဗျာများ ရွတ်ဆို၍ ဆုတောင်းကြသည်။

ထို့ပြင် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော် ကောက်နုတ်ချက်များ ရွတ်ဆိုပူဇော်ကြသူများ၊ မေတ္တာဘာဝနာပွားများကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ သီတင်းသီလဆောက်တည်ကြသူများ၊ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးလာပြည်သူများဖြင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ အထူးစည်ကားလျက်ရှိသည်။

**ရွှေဘုန်းပွင့်စေတီ**

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၂၇)ကြိမ်မြောက် ပဝါရဏာပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ ရှေးဦးစွာ စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က ဝမ်းမြောက်စကား လျှောက်ထားသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တဝါယမထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သံဃာတော်ပူဇော်ပွဲ**

ရန်ကုန်တိုင်း မင်္ဂလာဒုံ၊ လှည်းကူးနှင့် မှော်ဘီမြို့နယ် သုံးမြို့နယ်တို့မှ ဆရာတော်များ၏ အဘိဓမ္မာအခါတော်နေ့နှင့် ပျဉ်းမပင်သုဓမ္မာရာပြည့် မဟာပဝါရဏာပြု သံဃာတော်ပူဇော်ပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ အာယုဒီဃပျိုးဥယျာဉ်စာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ၊ အဖွဲ့ဝင် (၂)မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူး ခင်မောင်သန်းနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရထံမှ အနုမောဒနာတရားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သီလဝိသောဓနီသိမ်တော်ကြီး၌ ပဝါရဏာကံဆောင်ရွက်တော်မူကြသည်။

**အောက်တိုဘာ ၂၈ ရက်က ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူများ၏ ညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

**သာသနာရေးဝန်ကြီးဌာန အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း(ဒွါဒသမအကြိမ်) စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရတို့အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများတက်ရောက်ကြသည်။

**သီလဆောက်တည်**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာမြွက်ကြားတော်မူပြီး သင်တန်းမှူး ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါယာမသာရက သင်တန်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်း လျှောက်ထားသည်။

**သာသနာရေးဆိုင်ရာလျှောက်ထား**

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး စာအောင်ပုဂ္ဂိုလ်များအား အားပေးစကားပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဘိဓမ္မာတစ်နိုင်ငံလုံး ပထမဆုရ မဝေမွန်ကျော်၊ ဝိသုဒ္ဓိမဂ် ရန်ကုန်တိုင်း ဒုတိယဆင့် ပထမဆုရ ဒေါ်မြစမ်း၊ဝိသုဒ္ဓိမဂ် ရန်ကုန်တိုင်း ဒုတိယဆင့် ဒုတိယဆုရ ဒေါ်လှမြင့်နှင့် ဝိသုဒ္ဓိမဂ်အထူးအောင် ကိုးဦး၊ ဝိသုဒ္ဓိမဂ်အောင် ၃၅ ဦး၊ အဘိဓမ္မာဂုဏ်ထူးအောင် အထူးအောင် ကိုးဦး၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်အောင် ၁၉ ဦး၊ အဘိဓမ္မာ အထူးအောင် ခြောက်ဦး၊ အဘိဓမ္မာအောင် ၃၆ ဦး၊ ယဉ်ကျေးမှုအထူးအောင် နှစ်ဦးနှင့် ယဉ်ကျေးမှုအောင် ၁၃၁ ဦးတို့အား ဒုတိယဝန်ကြီး၊ အကြံပေးပုဂ္ဂိုလ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အောင်လက်မှတ်များချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**အဘိဓမ္မာအခါတော်နေ့**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၅၆)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ညပိုင်းတွင်မူ လူနေတိုက်တာ အဆောက်အအုံများ၊ လမ်းများတွင် လျှပ်စစ် ရောင်စုံမီးများ ထိန်ထိန်ညီးအောင် ထွန်းညှိပူဇော်ကြပြီး ဆီမီးထွန်းညှိပူဇော်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်းကာ မီးပုံးပျံများ လွှတ်တင် ပူဇော်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သီလဝိသောဓနီ သိမ်တော်ကြီး ပြုပြင်ရန်အတွက် ပန်းဘဲတန်းမြို့နယ် အမှတ် ၁၂၈၊ ၂၉ လမ်းနေ ဦးငင်ဟိုဘီ(ခ) ဦးတင်လှိုင်-ဒေါ်အေးမွေးကြူ သားသမီး မြေး မိသားစုတို့က ငွေကျပ် ၅၀၀၀၀၀ ကို ကျောင်းဆောက်လုပ်ရေးကော်မတီထံ အောက်တိုဘာ ၂၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**

# မြတ်ဆရာပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုနှင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၂၀ ရပ်ကွက် ဓမ္မာစရိယ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲတွင် ပညာရည်ချွန်ဆု ၄၀၊ သားလိမ္မာတစ်ဆု၊ သမီးလိမ္မာတစ်ဆု၊ တက္ကသိုလ်ဝင်တန်းအောင် တပည့်ဟောင်းသုံးဆု၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင် ၃၅ ဆု စုစုပေါင်း ဆုရကျောင်းသား ကျောင်းသူ ၈၀ အား ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ် အောက်တိုဘာလအတွက်**

**နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၃၁-၁၀-၂၀၀၄ရက်နေ့**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွက်**

**(၁၄-၁၁-၂၀၀၄)ရက်နေ့နှင့် (၂၈-၁၁-၂၀၀၄)ရက်နေ့**

# ချမ်းမြေ့ရိပ်သာကျောင်း ကထိန်သင်္ကန်းဆက်ကပ်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၅၅ (က)ရှိ ချမ်းမြေ့ရိပ်သာကျောင်း၏ (၂၈) ကြိမ်မြောက် ကထိန်သင်္ကန်း လှူဒါန်းဆက်ကပ်ပွဲကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (နိုဝင်ဘာ ၇ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပရန် ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့မှ စီစဉ်ထားသည်။ ပင့်သံဃာအပါး ၁၅၀ တို့အား တစ်ပါးလျှင် သင်္ကန်းဒွိစုံတစ်စုံ ကျပ်တစ်ထောင်၊ ဆွမ်းအတွက် ကျပ်ငါးရာနှင့်ငါးရာတန် ပစ္စည်းလေးပါးပဒေသာပင်တို့လှူဒါန်းဆက်ကပ်မည်ဖြစ်ရာ ကထိန်သင်္ကန်းဆက်ကပ်ပွဲသို့ ကြွရောက်ရန် ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**



# အဘိဓမ္မာတရား ဟွားများ ပူဇော် သီတင်းကျွတ်လပြည့် နေ့မြတ် အခါတော်



## ရွှေတိဂုံစေတီတော်

အဘိဓမ္မာအခါတော်နေ့တွင် ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်၌ ကုသိုလ်တရား ပွားများအားထုတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ကြေးသွန်းဘုရား

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဗုဒ္ဓဘာသာဝင်များသည် ကြေးသွန်းဘုရားကြီး၌ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ တရားဘာဝနာ ပွားများအားထုတ်ခြင်း၊ ကုသိုလ် ကောင်းမှုပြုသူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ရွှေဘုန်းပွင့်စေတီတော်

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ ဆရာတော် ဦးဝါယမထံမှ မြို့နယ်အတွင်းရှိ ပြည်သူများ ကိုးပါးသီလတရား ပွားများအားထုတ်ဆောက်တည်ကာ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားစဉ်။

ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)





## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်တော်ပေါ်၌ ဘုရားဖူးပြည်သူများနှင့် ကုသိုလ်ကောင်းမှုပြုကြသူများကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

# တရုတ်–အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်ရေးမှသည် သာယာဝပြောရေးသို့



ဒုတိယအကြိမ် တရုတ်–အာဆီယံ မီဒီယာပူးပေါင်း ဆောင်ရွက်ရေးဆွေးနွေးပွဲတွင် တရုတ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ ဤသို့အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

**မောင်မောင်အေး**

ပထမအကြိမ် တရုတ်–အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည်။

ထိုစဉ်က မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ရာ စာရေးသူလည်း ပါဝင်ခဲ့သည်။ ဆွေးနွေးပွဲကာလမှာ သုံးရက်သာဖြစ်၍ တက်ရောက်လာကြသူများအချင်းချင်း ရင်းနှီးခင်မင်မှုစခါစမှာပင် ခွဲခွာခဲ့ကြရသည်။

အချိန်တိုတောင်းပြီး အစီအစဉ်များပြည့်နေသော်လည်း ဆွေးနွေးပွဲဖြစ်မြောက်ရေးအဖွဲ့က ကိုယ်စားလှယ်များကို ကမ္ဘာကျော်ဂရိတ်ဝေါလ်ခေါ် မဟာတံတိုင်းကြီးနှင့် ဖော်ဘစ်ဒင်းစီးတီးခေါ် နန်းတော်ဟောင်းသို့ လေ့လာရေးခရီး စီစဉ်ပေးခဲ့သည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါ်လစ်ဗျူရို အမြဲတမ်းအဖွဲ့ဝင် မစ္စတာလီဖုန်းကိုလည်း သွားရောက်တွေ့ဆုံ ဂါရဝပြုခွင့်ရခဲ့ကြသည်။

တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးခါစမှာပင် ခွဲခွာခဲ့ကြသည်။ ပူးတွဲထုတ်ပြန်ချက်ပါ လာမည့်နှစ်တွင်ကျင်းပရန် အဆိုပြုထားသည့် ဒုတိယအကြိမ်ဆွေးနွေးပွဲကို မျှော်လင့်စောင့်စားကာ ခွဲခွာခဲ့ရခြင်းဖြစ်သည်။

တစ်နှစ်ကုန်ဆုံးသွားသော်လည်း အဆိုပြုထားသည့် ဒုတိယအကြိမ်ဆွေးနွေးပွဲကို ကျင်းပဖြစ်ခြင်း မရှိခဲ့ပါ။

သို့ရာတွင် ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် သတင်းကောင်းကြားရပါသည်။ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ယခုနှစ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စေလွှတ်မည့်အဖွဲ့တွင် စာရေးသူလည်း အဖွဲ့ဝင်အဖြစ် ထပ်မံတက်ရောက်ရမည်ဆိုသည့် သတင်းဖြစ်ပါသည်။

အဖွဲ့ဝင် သုံးယောက်ပါ မြန်မာအဖွဲ့တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်တက်ရောက်မည် ဖြစ်ပါသည်။

ဆွေးနွေးပွဲအစီအစဉ်ကို လေ့လာကြည့်ရာတွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ်ဆွေးနွေးပွဲတို့၏ ခြားနားချက်ကို သတိပြုမိပါသည်။ ဒုတိယအကြိမ်ဆွေးနွေးပွဲသည် ခုနစ်ရက်ကြာမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ မြို့တော်နန်နင်းတွင် စတင်မည်ဖြစ်ပါသည်။ နှစ်ရက်ကြာဆွေးနွေးပွဲအပြီးတွင် တရုတ်ပြည်၏ အလှဆုံးမြို့အဖြစ် ထင်ရှားသည့် ကွီလင်မြို့သို့ ခရီးဆက်ရမည်။ ထိုမြို့တစ်ဝိုက် နှစ်ရက်ကြာ လှည့်လည်လေ့လာပြီး ပေကျင်းသို့ လေယာဉ်ဖြင့် ခရီးဆက်ရမည်ဖြစ်သည်။ ပေကျင်းတွင်ရှိနေစဉ် မဟာတံတိုင်းကြီးသို့လည်းကောင်း၊ ရှေးဟောင်းနန်းတော်သို့ လည်းကောင်း၊ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာသို့လည်းကောင်း သွားရောက်လေ့လာကြရန် စီစဉ်ပေးထားသည်။ ထို့ပြင် တရုတ်ပြည်သူ့ခန်းမဆောင်ကြီး၌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွန်းကိုလည်းကောင်း၊ ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီကျောက်ရှင်းကိုလည်းကောင်း တွေ့ဆုံဂါရဝပြုရမည်ဖြစ်သည်။

ဆွေးနွေးပွဲတက်ရောက်ရန် ပြင်ဆင်မှုများပြုလုပ်ရင်း အဖွဲ့၏ အတွင်းရေးမှူး မြန်မာ့ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းသည် ဆွေးနွေးပွဲကျင်းပမည့် နန်နင်းမြို့သို့သွားရောက်ရမည့် လေယာဉ်ခရီးစဉ်ကို စုံစမ်းရတော့သည်။ သာမန်အားဖြင့် ဗုဒ္ဓဟူးနေ့တိုင်းရှိသည့် တရုတ်လေကြောင်း၏ ရန်ကုန်–ကူမင်းခရီးစဉ်မှာ အဆင်ပြေပါသည်။ သို့သော်လည်း ကျွန်တော်တို့ သတင်းပို့ရမည့် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ကူမင်းမှနန်နင်းသို့ လေယာဉ်မရှိဘဲ လေယာဉ်က တစ်ရက်ခြားသာရှိသောကြောင့် အခက်တွေ့ရပါသည်။ နောက်ဆုံးတွင် သာမန်အားဖြင့် ခရီးတိုနိုင်စရာရှိသော်လည်း ရန်ကုန်–ဗန်ကောက်–ကွမ်ကျိုး–နန်နင်း ခရီးစဉ်အတိုင်း လက်မှတ်ဝယ်ရတော့သည်။ မူလအစီအစဉ်ထက် တစ်ရက်စော၍ ဩဂုတ်လ ၂၄ ရက်နေ့တွင် ထွက်ခွာရမည်ဖြစ်ပါသည်။

စာရေးသူတို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမ်အေအိုင်ခရီးစဉ်ဖြင့် နံနက်၇နာရီ မိနစ်၄၀တွင် ရန်ကုန်မှ စတင်ထွက်ခွာခဲ့ပြီး ဗန်ကောက်နှင့် ကွမ်ကျိုးမြို့တို့တွင် ခရီးတစ်ထောက်စီနားကာ တရုတ်ပြည်တွင်းခရီးစဉ်သို့ ပြောင်းစီးရသည်။ ဒေသစံတော်ချိန် ည၁၀နာရီကျော်လောက်တွင် တည်းခိုမည့် ဟိုတယ်သို့ရောက်ရှိသည်။ နန်နင်းလေဆိပ်သို့ရောက်ရှိစဉ် လာအိုနှင့် ကမ္ဘောဒီးယားတို့မှ ကိုယ်စားလှယ်များလည်း လေယာဉ်တစ်စင်းတည်းတွင် လိုက်ပါလာသည်ကို တွေ့ရပြီး လာရောက်ကြိုဆိုသူများက အင်ဒိုနီးရှား ကိုယ်စားလှယ်များလည်း လိုက်ပါလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားပါသည်။

ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့ ဟိုတယ်သို့ရောက်ရှိသည့်အခါ အင်ဒိုနီးရှားနှင့် ဗီယက်နမ်မှကိုယ်စားလှယ်များလည်း ကျွန်တော်တို့နည်းတူ တစ်ရက်စော၍ ရောက်ရှိလာကြသည်ကို တွေ့ရပါသည်။ ထိုသို့မူလအစီအစဉ်ထက် တစ်ရက်စော၍ရောက်ရှိလာကြသော်လည်း နေရာထိုင်ခင်း၊ အစားအသောက် စသည်တို့ကို ကြိုတင်ပြင်ဆင်ပေးထားသည်ကို တွေ့ရသည်။

နောက်တစ်နေ့ဖြစ်သော ဩဂုတ်လ ၂၅ရက်နေ့တွင် ညနေပိုင်းကျမှ မိတ်ဆက်ညစာစားပွဲရှိသဖြင့် တစ်နေ့လုံးအားနေပါသည်။ ထို့ကြောင့် စာရေးသူတို့သည် ဟိုတယ်အနီးတစ်ဝိုက်သို့ လမ်းလျှောက်ထွက်ကြသည်။နန်နင်းမြို့သည် စည်ကားပြီး သန့်ရှင်းသပ်ရပ်မှုရှိသည်။ဆောက်လုပ်ရေးလုပ်ငန်းများကို နေရာအနှံ့တွေ့ရပြီး အချို့မှာ ပြီးခါနီး၊ အချို့မှာ တည်ဆောက်ဆဲဖြစ်သည်။

ညနေ ကြိုဆိုမိတ်ဆက်သည့် ညစာစားပွဲတွင် ကိုယ်စားလှယ်များကို စုံညီစွာ တွေ့ရသည်။

ဆွေးနွေးပွဲ၏ ပထမနေ့ဖြစ်သည့် ဩဂုတ်လ ၂၆ရက်နေ့တွင် တရုတ်ပြည်သူ့နေ့စဉ်သတင်းစာ၏ ဥက္ကဋ္ဌ မစ္စတာဝမ်ချန်းက အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်ခေါင်းဆောင်များကို နံနက်၈နာရီခွဲတွင် တွေ့ဆုံပါသည်။

ထို့နောက် ဆွေးနွေးပွဲအစီအစဉ်ကို နံနက်၉နာရီတွင် စတင်သည်။ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာ ဥက္ကဋ္ဌ မစ္စတာဝမ်ချန်းက အဖွင့်အမှာစကားပြောကြားရာတွင်– "၂၀၀၂ခုနှစ်က ကျင်းပခဲ့သည့် တရုတ်–အာဆီယံ မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ၏နောက်ပိုင်း နှစ်ဦးနှစ်ဖက်၏ ပူးပေါင်းဆောင်ရွက်မှုများ လျင်လျင်မြန်မြန် တိုးတက်လာပုံကို ရည်ညွှန်းပြောကြားပါသည်။ ၎င်းက ၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် တရုတ်နှင့်အာဆီယံနိုင်ငံများမှ ခေါင်းဆောင်ကြီးများသည် တရုတ်နှင့်အာဆီယံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သတ်မှတ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် တရုတ်နှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသ တည်ထောင်ရန်အတွက် ဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် တရုတ်နိုင်ငံ ပါဝင်ခဲ့ပြီး တရုတ်နှင့် အာဆီယံနိုင်ငံများ၏ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းသို့ လက်မှတ်ရေးထိုးကာ နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် မဟာဗျူဟာကျသည့် စီးပွားဖက်များအဖြစ် ဖွဲ့စည်းတည်ထောင်လိုက်ကြကြောင်း၊ ဤခြေလှမ်းများသည် နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆက်ဆံရေးများ တစ်ဆင့်တက်လှမ်းခြင်းပင် ဖြစ်ကြောင်း ပြောကြားသွားပါသည်။

တရုတ်နှင့်အာဆီယံ ၁၀နိုင်ငံတို့မှ ကိုယ်စားလှယ် ၂၉ဦးတို့က တရုတ်နှင့် အာဆီယံနိုင်ငံများ၏ မီဒီယာများအနေဖြင့် ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အခြေခံပြီး အာဆီယံ ၁၀နိုင်ငံနှင့် တရုတ်နိုင်ငံတို့ လွတ်လပ်သော ကုန်သွယ်ရေးဒေသ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေး ဦးတည်ချက်ဖြင့် ဆွေးနွေးကြပါသည်။

တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များက ဒေသနှစ်ခု နီးစပ်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ ဆင်တူမှုကို ထောက်ပြလျက် ဒေသကြီးအတွင်းရှိ သန်းပေါင်း ၁၇၀၀ကျော်သော ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုမှတစ်ဆင့် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် သာယာဝပြောရေးကို ဆောင်ကြဉ်းပေးနိုင်မည့်အကြောင်း ဆွေးနွေးကြပါသည်။

အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကလည်း တစ်နေ့တခြား တိုးတက်နေသည့် အိုင်တီခေါ် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာပိုင်း၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးနှင့် အကျိုးရှိစွာဆောင်ရွက်နိုင်ရေး ဆွေးနွေးကြပါသည်။ ၎င်းတို့က ဆက်လက်၍ တရုတ်နှင့်အာဆီယံ ကိုယ်စားလှယ်များ အပြန်အလှန် သွားရောက်လည်ပတ်ရေး၊ သတင်းအချက်အလက်များ ရယူဖလှယ်ရေးကိစ္စများကိုလည်း ဆွေးနွေးကြပါသည်။

နှစ်ဦးနှစ်ဖက်တို့က ဘုံဝက်ဘ်ဆိုက်တစ်ခု ထူထောင်ကာ အာရှပြည်သူတို့၏ အသံကို ကမ္ဘာကကြားနိုင်အောင် ဆောင်ရွက်ရန်နှင့် အာရှအကြောင်း အရှိကို အရှိအတိုင်း ကမ္ဘာကသိရှိစေရန် ဆောင်ရွက်ရေးကိုပါ ထည့်သွင်း ဆွေးနွေးကြပါသည်။

ဆွေးနွေးပွဲပြီးဆုံးသည့်အခါတွင် ပူးတွဲထုတ်ပြန်ချက်အတွက် ညှိနှိုင်းကြပြီး ဩဂုတ်လ ၃၁ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပူးတွဲထုတ်ပြန်ချက်ပါ အဓိကအချက်များမှာ–

(က) သတင်းရယူရေး၊ ဓာတ်ပုံဖလှယ်ရေး၊ အတတ်ပညာပူးပေါင်းဆောင်ရွက်ဖလှယ်ရေး အစီအစဉ်များ၊ ပူးတွဲသတင်းရယူရေးနှင့် ရုပ်မြင်သံကြားရိုက်ကူးရေး လုပ်ငန်းများတွင် တရုတ်နှင့် အာဆီယံ သတင်းမီဒီယာများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ပူးတွဲဆောင်ရွက်မှု လုပ်ငန်းများ တည်ထောင်ရန်၊

(ခ) တရုတ်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ သတင်းဆိုင်ရာ ဘုံဝက်ဘ်ဆိုက်တစ်ခု ထူထောင်နိုင်ရေးအပါအဝင် အင်တာနက် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီစီတီဗွီနှင့် အာဆီယံနိုင်ငံများမှ အမျိုးသား၊ သို့မဟုတ် အခြားရုပ်မြင်သံကြားဌာနများ အစီအစဉ်များ ဖလှယ်ရန်နှင့် ပူးတွဲထုတ်လုပ်ရန်၊

(ဃ) တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစီအစဉ်သတင်းများရယူမှု တိုးမြှင့်ရန်၊ ဒေသဆိုင်ရာ သတင်းများနှင့် ၂၀၀၈ ခုနှစ် ပေကျင်း ကမ္ဘာ့အိုလံပစ်ကဲ့သို့သော နိုင်ငံတကာဖြစ်ရပ်များ သတင်းပေးပို့ရာတွင် အချင်းချင်းကူညီရိုင်းပင်းရန်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

**အာဆီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကမကထပြုမှုဖြင့် ဒုတိယအကြိမ် တရုတ်-အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့်သာယာဝပြောရေးအတွက် မီဒီယာများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ကြဉ်းပေးရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ရာ ရည်မှန်းချက်အောင်မြင်ရေး စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။**



# ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန် မြန်ဆန်စွာဆောင်ရွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၂၈

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းလိုက်ပါလျက် အောက်တိုဘာ၂၆ရက်မှ အောက်တိုဘာ၂၈ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် အောက်တိုဘာ ၂၇ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန၌ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံ၍ ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို ထိရောက်ထက် မြက်စွာ ဆောင်ရွက်ရေး၊ မိမိတာဝန်ကျရာဒေသ၌ ရိုးသားဖြောင့်မတ် တာဝန်သိစွာဖြင့် အလုပ်အကျွေးပြုရေး၊ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းကြရေး အကျယ်တဝင့်မှာကြားခဲ့သည်။ ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများကလုပ်ငန်းလျာထားချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် သိန္နီမြို့နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ညပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရွှေလီရတနာဧည့်ရိပ်သာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ပြည်နယ်ဦးစီးမှူးများကိုတွေ့ဆုံပြီး ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်မှန်ကန်မှုနှင့် တာဝန်သိမှုတို့က အရေးကြီးဆုံးဖြစ်ကြောင်း၊ လုပ်ငန်းလျာထားချက်များ ပြည့်ဝမှန်ကန်စွာရရှိရေးအတွက် ပြည်နယ်ဦးစီးမှူးများက ဦးဆောင်ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။

**(ဘဏ္ဍာ/အခွန်)**

## အသက်(၁၈)နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲဆက်

ရန်ကုန် အောက်တိုဘာ ၂၈

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အသက်(၁၈)နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ(1st Myanmar Junior World Ranking Tennis Tournament Grade-5) ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲကျင်းပရာသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယကဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co., Ltd)၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ကျင်းပပြီးစီး

ဒုတိယနေ့ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ရှစ်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ ခြောက်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲရှစ်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲလေးပွဲ စုစုပေါင်း ၂၆ပွဲကျင်းပပြီးစီးသည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများတွင် တရုတ်တိုင်ပေမှ Lee Hsin-Han က ကိုရီးယားသမ္မတနိုင်ငံမှ Yoon Hyung-Joon ကို (၆-၂)၊ (၆-၂)ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Aidil Faisal Muhammed က တစ်နိုင်ငံတည်းမှ Christopher B Rungkat ကို (၆-၃)၊(၆-၄)ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Agung Bagus Dewantoro က သီရိလင်္ကာနိုင်ငံမှ Oshada Wijemanne ကို(၆-၂)၊(၆-၄)ဖြင့် လည်းကောင်း အသီးသီးအနိုင်ရကြပြီး ကွာတားဖိုင်နယ်သို့တက်ရောက်သွားကြသည်။

### ဆီမီးဖိုင်နယ်တက်

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ချစ်စုရီနှင့် မလေးရှားနိုင်ငံမှ Noordin တို့အတွဲက ဩစတြေးလျနိုင်ငံမှ Lucy နှင့် သီရိလင်္ကာနိုင်ငံမှ Amita တို့အတွဲကို (၆-၃)၊(၆-၁)ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

### အနိုင်ရ

ယမန်နေ့က ကျင်းပသည့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်ဇောနိုင်နှင့် ဖြိုးမင်းသာတို့အတွဲက ထိုင်းနိုင်ငံမှ Phongpol Khamsamarn နှင့် မြန်မာနိုင်ငံမှ ညီညီထွန်းတို့ အတွဲကို (၆-၂)၊ (၆-၂)ဖြင့် အနိုင်ရခဲ့သည်။ အောက်တိုဘာ ၂၉ရက် နံနက် ၉ နာရီတွင် အကြိုဗိုလ်လုပွဲ ၁၂ပွဲကို ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော် တတိယမြောက်နေ့အဖြစ် ခင်းကျင်းပြသရောင်းချလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

သမဝါယမ ဒေသထွက်ကုန်အရောင်းပွဲတော်၏ တတိယမြောက်နေ့အဖြစ် ခင်းကျင်းပြသရောင်းချမှုကို ယနေ့နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေးဗဟိုဌာန(ဆရာစံပလာဇာ)၌ ဆက်လက်ကျင်းပရာ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အရောင်းပွဲတော်တွင် မကွေးတိုင်း ရေနံချောင်းမြို့နယ် ပင်းနံ့သာစက်မှု လက်မှုကုန်ထုတ်သမဝါယမအသင်းမှ ထုတ်လုပ်သော စတားမော်တော် ဆိုင်ကယ်များမှာ လူကြိုက်များလျက်ရှိသည်။ ပြည်နယ်/တိုင်းများမှ ဒေသ ထွက်ကုန်များ၊ မန္တလေးတိုင်း ညောင်ဦးမြို့နယ်မှ ညောင်ဦး ပဲဆီသန့်နှင့် ဒေသထွက်ကုန်များ၊ ရန်ကုန်တိုင်း စိန်စကြာလွယ်အိတ်နှင့် တိုင်းရင်းသား ဝတ်စုံများ၊ Lion City အထည်ချုပ်လုပ်ငန်း သမဝါယမအသင်းမှ အဝတ် အထည်မျိုးစုံ၊ AK အိတ်ချုပ်လုပ်ငန်း သမဝါယမအသင်းမှ ဒီဇိုင်းစုံအိတ်များ၊ နှင်းဆီမိသားစု အထည်ချုပ်သမဝါယမအသင်းမှ အသင့်ချုပ်ပြီး အဝတ် အထည်များ၊ ပြည်တော်မေတ္တာသမဝါယမအသင်းမှ ငါးဖယ်နှင့် ပြုလုပ် ထားသော စားသောက်ဖွယ်မျိုးစုံ၊ ပုဂ္ဂလိကအရောင်းဆိုင်များမှ လူသုံးကုန်၊ အိမ်သုံးကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

**(သတင်းစဉ်)**

## (၃၅)ရပ်ကွက် လုပ်သားလမ်း ဆွမ်းသိမ်းအောင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၅)ရပ်ကွက် လုပ်သားလမ်းနှင့် အနီးဝန်းကျင်လမ်းများစုပေါင်း၍ ပဥ္စမအကြိမ်မြောက်ဝါတွင်း သုံးလကာလအတွင်း တနင်္ဂနွေနေ့နံနက်တိုင်း သံဃာတော်များအား အရဏ်ဆွမ်းလောင်းလှူ ပြီးမြောက်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဆွမ်းသိမ်းအောင်ပွဲ ရေစက်ချအခမ်းအနားကို မဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ရေစက်ချအခမ်းအနားကို လုပ်သားလမ်း ဦးညွန့်လှိုင်၏ နေအိမ်တွင် သီတင်းကျွတ်လပြည့်နေ့ နံနက်က ပြုလုပ်ကြောင်းသိရသည်။ **(က-ပ)**

## အဆင့်မြင့်တန်း ပတ်လည်ဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အဆင့်မြင့်တန်း ပတ်လည်ဘောလုံးပြိုင်ပွဲကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက ကမ္ဘောဇအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပို့ဆောင်ရေးအသင်းအတွက် ပထမဂိုးကို ထက်အောင်ကလည်းကောင်း၊ ဒုတိယဂိုးကို မြတ်မင်းဦးကလည်းကောင်း သွင်းယူပေးသည်။ ကမ္ဘောဇအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် အောင်မျိုးဝင်းက သွင်းယူသည်။

အုပ်စု(ခ)တွင် ပို့ဆောင်ရေးအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်၊ စီးပွား/ကူးသန်းအသင်းက တစ်ပွဲကစား တစ်ပွဲနိုင် (၃)မှတ် ရရှိထားသည်။ ကမ္ဘောဇအသင်းက တစ်ပွဲကစား တစ်ပွဲရှုံး အမှတ်မရသေးပေ။

### ယနေ့ပွဲ

အောက်တိုဘာ ၂၉ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စွမ်းအင်အသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

တက်ရောက်ကြသူများက ဒုတိယအကြိမ်ဆွေးနွေးပွဲသည် ပထမအကြိမ်ဆွေးနွေးပွဲ၏ ထောက်ခံချက်များကို ဆက်လက်ဆောင်ရွက်သည့် ဆွေးနွေးပွဲဖြစ်ကြောင်းလက်ခံကြပြီး တိကျသည့်ခြေလှမ်းများဖြင့် တရုတ်နှင့်အာဆီယံမီဒီယာပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းမှုများကို ကြိုဆိုကြပါသည်။

နောင်တွင် အလားတူဆွေးနွေးပွဲများကို တရုတ်နိုင်ငံတွင်တစ်လှည့်၊ အာဆီယံနိုင်ငံများတွင်တစ်လှည့် နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြပါရှိပါသည်။

နန်နင်းမြို့တွင်ကျင်းပသည့် ဆွေးနွေးပွဲအပြီးတွင် ကွီလင်မြို့နှင့် ပေကျင်းမြို့သို့ လှည့်လည်လေ့လာရသည့် အစီအစဉ်တွင် ပျော်ရွှင်ကြည်နူးဖွယ်ရာများနှင့်အတူ တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်မှုပိုမိုရရှိခဲ့ကြပါသည်။ ဤအတောအတွင်း အာဆီယံနိုင်ငံကိုယ်စားလှယ်များအချင်းချင်းရော၊ အိမ်ရှင်တရုတ် ကိုယ်စားလှယ်များ၊ မိတ်ဆွေများနှင့်ပါ လိပ်စာကတ်ပြားများဖလှယ်ကာ ပိုမိုရင်းနှီးခဲ့ကြသည်။ ကိုယ်ရေးကိုယ်တာမှအစ ကိစ္စအဝဝကို အလွတ်သဘော ဆွေးနွေးကြကာ စကားလက်ဆုံကျကြသည်။ အမှတ်တရဓာတ်ပုံများရိုက်ကြကာ လက်ဆောင်များလည်း ဖလှယ်ကြသည်။ အာဆီယံ ၁၀နိုင်ငံ၏ တစုတစည်းတည်းဖြစ်သော မိသားစုစိတ်ဓာတ် ထင်ဟပ်ပေါ်လွင်နေကြောင်း တွေ့ရှိခဲ့ရသည်။

ဆွေးနွေးပွဲအပြီးတွင် အရေးပါသည့် ကိစ္စတစ်ရပ်ကိုလည်းဆောင်ရွက်ဖြစ်ခဲ့သည်။ ယင်းအချက်မှာ ယခုနှစ်ကုန်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ လူထုဆက်သွယ်ရေးနည်းလမ်းဖြင့် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန် ပင်ဖြစ်သည်။ ဤသို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ ရေရှည်ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံမူတစ်ရပ်နှင့်ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်ဖြစ်သည်။

**အာဆီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကမကထပြုမှုဖြင့် ဒုတိယအကြိမ် တရုတ်-အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့်သာယာဝပြောရေးအတွက် မီဒီယာများပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ကြဉ်းပေးရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ရာ ရည်မှန်းချက်အောင်မြင်ရေး စတင်လှျောက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်ဟု ဆိုရပါမည်။** နောင်နှစ်စဉ် ကျင်းပသွားမည့် အလားတူဆွေးနွေးပွဲများက ဒေသတွင်းရှိ မီဒီယာများ ပိုမိုပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်သွားခြင်းဖြင့် ဒေသကောင်းကျိုးကို ပိုမိုသယ်ပိုးရွက်ဆောင်နိုင်မည်ဟု ယုံကြည်မိပါသတည်း။ ။

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၇၄၃ဦးရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီကကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ကိုးနိုင်ငံ ကုမ္ပဏီ ၁၉၂ခုမှ ရတနာကုန်သည် ၅၉၉ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၉၀မှ နိုင်ငံသားရတနာကုန်သည် ၁၄၄ဦး စုစုပေါင်း ရတနာကုန်သည် ၇၄၃ဦး ရောက်ရှိလျက်ရှိသည်။

### ထပ်မံရောက်ရှိ

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် အောက်တိုဘာ၂၉ရက်တွင် ထပ်မံရောက်ရှိကြမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ပြပွဲသို့တက်ရောက်လာကြသော ပြည်တွင်းပြည်ပရတနာကုန်သည်များသည် အောက်တိုဘာ ၂၇ရက်၊ ၂၈ရက်နှင့် ၂၉ရက်တို့တွင် ကျောက်မျက်ရတနာအတွဲများကို ကြည့်ရှုလေ့လာ၍လည်းကောင်း၊ အောက်တိုဘာ ၃၀ရက်တွင် အခြေခံဈေးယူရိုငွေ ၉၉၉၉ နှင့်အောက် တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၃၁ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် အခြေခံဈေး ယူရိုငွေ ၁၀၀၀၀နှင့် အထက်တန်ဖိုးရှိသည့် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂ရက်နှင့် ၃ရက်တို့တွင် အခြေခံဈေး ယူရိုငွေ ၉၉၉၉ နှင့်အောက်တန်ဖိုး သတ်မှတ်သည့် ကျောက်မျက်အတွဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြေခံဈေး ယူရိုငွေ ၁၀၀၀၀နှင့် အထက် တန်ဖိုးရှိသည့် ကျောက်မျက်အတွဲများကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၄ရက်တွင် အခြေခံဈေးယူရိုငွေ ၄၉၉၉နှင့်အောက်တန်ဖိုးသတ်မှတ်သည့် ပုလဲအတွဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြေခံဈေး ယူရိုငွေ ၅၀၀၀နှင့်အထက်တန်ဖိုးရှိသည့် ပုလဲအတွဲများကိုဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အသီးသီးရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ်ရှိ လမ်း၊ တံတားများ စစ်ဆေး ပွင့်လင်းရာသီ၌ လိုင်းကားများပုံမှန်ပြေးဆွဲနိုင်ရေးမှာကြား

ရန်ကုန် အောက်တိုဘာ ၂၈

**ရခိုင်ပြည်နယ် မအီမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၂၅ရက် နံနက်ပိုင်းက ကျင်းပသည့် လုံးတော်ပေါက်တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ရန်ကုန်–ကျောက်ဖြူလမ်းစီမံကိန်း(မအီ–မင်းကြောင်း)အပိုင်းတွင် ဒီရေရောက် ရွှံ့ညွန်အတွင်း Geotextileမြေအားဖြည့်ခြင်းနည်းပညာဖြင့် ဖို့မြေလမ်းကို အမာခံလမ်းအဖြစ် တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။**

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူ ကားလမ်းပေါ်ရှိ မကြာမီ ဖွင့်လှစ်တော့မည့် သံသမကြီးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်**(ယာပုံ)**သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မင်းကြောင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးတင်စိုးက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်က ရန်ကုန်–ကျောက်ဖြူလမ်း စီမံကိန်း(မအီ–မင်းကြောင်းအပိုင်း) လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုနှင့် မအီ–မင်းကြောင်း–ပိန္နဲတောင်ရှိ ဒီရေရောက်ရွှံ့ညွန်အတွင်း Geotextile နည်းပညာဖြင့် ဖို့မြေလမ်းကို အမာခံလမ်းအဖြစ် တည်ဆောက်နေမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ညွှန်ကြားချက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရန်ကုန်–ကျောက်ဖြူလမ်း စီမံကိန်းတွင် ပေ ၁၈၀အထက် မြစ်ကူးတံတားကြီး၁၄စင်းတည်ဆောက်လျက်ရှိသည့်အနက် ယခုဖွင့်လှစ်လိုက်သည့် လုံးတော်ပေါက် တံတားအပါအဝင် မြစ်ကူးတံတားကိုးစင်း တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည့် သံသမကြီးတံတား အပါအဝင် သံသမချေ၊ သဇင်တန်ပေါက်၊ ဝမ်းဖိုက်နှင့် မင်းကြောင်းချောင်းတံတား စုစုပေါင်း တံတားငါးစင်း ကျန်ရှိနေသေး၍ သတ်မှတ်ကာလအတွင်း ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ကြရေး၊ စံချိန်စံညွှန်း ပြည့်မီစွာပြီးစီးရေး၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များကို ညွှန်ကြားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအီ–ပဒဲကြော–အမ်းကားလမ်းအတိုင်း ထွက်ခွာလာကြပြီး တလိုင်းတောင်ရှိ အမ်း–ပဒဲကြော–မအီလမ်းဖောက်လုပ်ရေးစီမံကိန်းစခန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာမှူးဦးအုန်းလွင်က စီမံကိန်း လုပ်ငန်းခွင်အတွင်း ပေ ၄၀ အကျယ် လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ဖြတ်မြေလုပ်ငန်း၊ ဖို့မြေလုပ်ငန်းဆောင်ရွက်မှု အကျယ် ၁၆ပေ၊ ၉လက်မထု ချောင်းကျောက်ခင်းခြင်းလုပ်ငန်း၊ သစ်သားတံတား၊ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဖို့မြေလုပ်ငန်း၊ ဖြတ်မြေလုပ်ငန်းဆောင်ရွက်ရာတွင် အမ်း–ထန်းချောင်း ၈မိုင် ၄ဖာလုံအတွင်း အနိမ့်အမြင့်များပြား၍ လမ်းပြေပြစ်မှုရှိရေးအတွက် ဦးစားပေးဆောင်ရွက်ရေး၊ အမ်း–တောင်ကုတ်၊ တောင်ကုတ်–အမ်းကားလမ်းအား ယခုပွင့်လင်းရာသီတွင် ဖွင့်လှစ်နိုင်ရေး၊ လိုင်းကားများပုံမှန်ပြေးဆွဲနိုင်ရေးတို့ ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကိုညွှန်ကြားစီမံဆောင်ရွက်ပေးသည်။

## ကြိုးပမ်းဆောင်ရွက်

အဆိုပါ အမ်း–ပဒဲကြော–မအီလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းစီမံကိန်းသည် လမ်းအရှည် ၄၄မိုင်၊ ၇ဖာလုံရှိပြီး ပေ ၄၀အကျယ် လမ်းတာပေါင် ချဲ့ခြင်း လုပ်ငန်း ၉၅ရာခိုင်နှုန်း၊ ဖြတ်မြေလုပ်ငန်း ၆၀ရာခိုင်နှုန်း၊ ဖို့မြေလုပ်ငန်း ၁၅ရာခိုင်နှုန်း၊ ၁၆ပေ အကျယ် ကိုးလက်မထု ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ၁၅ရာခိုင်နှုန်း၊ ကွန်ကရစ်ရေပြွန်တံတား ၇၁စင်းအနက် ၅၉စင်း၊ သစ်သားတံတားအစင်း ၆၀အနက် ၅၁စင်းပြီးစီးလျက်ရှိရာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ကောင်းမွန်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ယခုပွင့်လင်းရာသီတွင် လိုင်းကားများ ပုံမှန်ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**






**ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်း အမှတ်(၉၀)နေ ကိုကျော်စိန်ဝင်း–မမူမူဟန် မိသားစုနှင့် ကိုစန်းနွယ်–မခင်စန်းတင်မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက် ရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မိတ္ထီလာခရိုင် အသင်းဝင်များနှင့်တွေ့ဆုံ၊ နယ်မြေဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၂၃ရက်က မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်ကချမှတ်အကောင်အထည် ဖော်လျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျေးရာကဏ္ဍမှ ညီညီညွတ်ညွတ်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တိုင်းသည် မိမိတို့နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေအာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ အခြားလူမှုရေး အသင်းအဖွဲ့ဝင်များ၊ နယ်မြေအကျိုး လိုလားသည့် နယ်မြေခံလူထုများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။**

## ဆက်ကပ်လှူဒါန်း

အထွေထွေအတွင်းရေးမှူးဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၂၄ရက်တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိဘုန်းကံမြင့်ရှိန် ကုန်းတောင်းမဟာသိမ်တော်နှင့် လောကပါယဆုတောင်းပြည့် စေတီတော်တို့အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်၊သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ကုန်းတောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကုန်းတောင်းအနောက်ကျေးရွာအနီး၌ ကျေးရွာပြည်သူများ တည်ဆောက်ထားသည့် သင်ကုန်းဆည်ကို ကြည့်ရှုပြီး မိုးရာသီတွင် ရေပိုမိုလှောင်နိုင်ရေး၊ ရေတံခါး တပ်ဆင်ရေး အတွက် ပံ့ပိုးဆောင်ရွက်ပေးပြီး ကျေးရွာလူထုနှင့်ရင်းနှီးစွာတွေ့ဆုံကာ ကဖြူကွင်းနှင့် ကုန်းတောင်းကွင်းတို့တွင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် စိုက်ပျိုး ရေရရှိအောင် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြား၍ ဝိုင်းဝန်းကူညီဆောင်ရွက်ရေး မှာကြားသည်။

## ကြည့်ရှု

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ကျေးရွာတစ်ဝိုက်တွင် မိတ္ထီလာကန်ပိုလျှံကျရေဖြင့် စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိုင်တီဖွံ့ဖြိုးတိုးတက်ရေး စာမေးပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)မှ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် MCPA Professional Certificationစာမေးပွဲကို ကျင်းပမည်ဖြစ်သည်။ MCPA Professional Certification (Software Engineering နှင့် Network Engineering)စာမေးပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့)၌လည်း ကောင်း၊ MCPA Professional Certification (Fundamental) စာမေးပွဲကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ၇ရက်(တနင်္ဂနွေနေ့)၌လည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးတို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

စာမေးပွဲတွင်စစ်ဆေးမည့်ဘာသာရပ်မှာ Japan-Myanmar Cross Certification IT Engineer Exam;သင်ရိုးညွှန်းတမ်းအတိုင်းဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုသူများသည် စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို နိုဝင်ဘာ ၅ရက် နောက်ဆုံးထား၍ လာရောက် လျှောက်ထားနိုင်သည်။

စာမေးပွဲအောင်မြင်ပြီးသူများသည် နိုင်ငံခြားပညာသင်ဆုကို လျှောက်ထားနိုင်မည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက လှိုင်မြို့နယ် MICT Park ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံးခန်း ဖုန်း–၆၅၂၂၇၆သို့ စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

**ဦးမင်းနောင်အားရည်စူး၍၂၇၀/၄ အရှေ့ရန်ကင်းနေ ဒေါ်ခင်ညိုက အလှူငွေ ကျပ်တစ်သိန်း၊ ဦးထွန်းထွန်း–ဒေါ်ကြူကြူဇင် မိသားစုက အလှူငွေ ကျပ် တစ်သိန်းနှင့် ဦးဖုဏ်းငွေ–ဒေါ်ဖြူဖြူခိုင် မိသားစုက ကျပ်ငါးသောင်းကို ဗြဟ္မာဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)



# ဘုံကထိန်အလှူတော်

**ရန်ကုန် အောက်တိုဘာ ၂၈**

ပဲခူးမြို့ရွှေမော်ဓောမြောက်ဘက်မုခ် ကမ္မဋ္ဌာန်းကျောင်းစာသင်တိုက် ဆရာတော် အရှင်မေတ္တာနန္ဒ (ဝိနယရေမ္မာစရိယ ဝိနယဝိဒူ)နှင့် သံဃာတော်များအား ဗိုလ်မှူးကြီးသာဝင်း (ငြိမ်း)–ဒေါ်မြမြယဉ်မိသားစု (ဝင်းဂေဟာ သုဝဏ္ဏ၊ ရန်ကုန်)တို့က မတည်၍ ရပ်ဝေး ရပ်နီးအလှူရှင်အသီးသီးတို့က ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက် (နိုဝင်ဘာ ၇ ရက်) တနင်္ဂနွေနေ့တွင် စုပေါင်းဘုံကထိန် ဆက်ကပ်လှူဒါန်းကြမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## ပါဠိကာရီဆရာတော် ဝါကျွတ်ဓမ္မခရီးစဉ်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်း စက်မှုလက်မှု ရပ်ကွက် ပါဠိကာရီပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာန မဟာနာယက ပါဠိကာရီဆရာတော်သည် နိုဝင်ဘာ ၂ ရက်နှင့် ၃ရက် (သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နှင့် ၇ရက်) တို့တွင် သန်လျင်မြို့ မြို့မဈေး ဗုဒ္ဓဟူး ဆွမ်းလောင်းအသင်း၊ ၄ ရက်တွင် တောင်ဒဂုံ(၁၀၇)ရပ်ကွက်၊ ၆ရက်တွင် သမာစာရိတ္တဓမ္မာရုံ မင်္ဂလာတောင်ညွန့်၊ ၇ရက်တွင် သစ္စဝါဒီဓမ္မာရုံ သာကေတ၊ ၁၀ ရက်တွင် သာသနရက္ခိတဓမ္မာရုံ ၈ရပ်ကွက် သာကေတ၊ ၁၁ ရက်တွင် စံပြဉယျာဉ် လဟာပြင်ဈေး သာကေတ၊ ၁၃ရက်တွင် ဘီးလင်းမြို့နယ် သစ်တိုကျွန်း၊ ၂၁ ရက်တွင် ၃ ရပ်ကွက် ရန်ပြေမာလာဓမ္မာရုံသာကေတ၊ ၂၂ရက်တွင် အနော်မာ ၁၇ လမ်း သာကေတ၊ ၂၄ ရက်တွင် ဇရပ်ကွင်း လှည်းကူးမြို့နယ်၊ ၂၅ ရက်တွင် မြင်တော်သာလမ်း သာကေတ ကထိန်မဏ္ဍပ်တွင် မဟာစည်သြဝါဒ နည်းနာနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)



ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဉယျာဉ်မြို့တော်ရှိ မြန်မာကန္တီကျောင်းတိုက် သာသနဝိပုလကာရီ နှစ်ထပ်သိမ်တော်ကြီး အတွက် အလှူငွေပေးအပ်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းသိမ်းအောင်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က ကျင်းပရာ စေတနာသမ္မာဒ ဓမ္မစကြာဝတ်အသင်းက အလှူငွေကျပ် ငါးသောင်းနှင့် အလှူရှင်နှစ်ဦးက ငွေကျပ် သုံးသောင်းငါးထောင်ကို မြန်မာကန္တီကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## မော်လမြိုင် စက်မှုလက်မှုအထက အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၈**

မော်လမြိုင် စက်မှုလက်မှု အထက်တန်းကျောင်းတွင်တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့်၁၂နာရီအထိ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် မော်လမြိုင်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဆန်းဦး ဖုန်း-၀၁-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၀-၂၁၇၇၅၊ ဦးထွန်းလွင် ဖုန်း-၀၁-၇၂၄၇၁၃နှင့် ဦးမင်းငွေသန်း ဖုန်း-၀၁-၆၈၃၄၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## ရွှေဥမင် ဓမ္မသုခတောရရိပ်သာ စုပေါင်းဘုံကထိန်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင်စံပြကျေးရွာ ရွှေဥမင် ဓမ္မသုခတောရရိပ်သာ၏ ခြောက်ကြိမ်မြောက် စုပေါင်းဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၃၁ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဓမ္မဒူတ အရှင်ဆေကိန္ဒက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)



အောက်တိုဘာ ၂၀ ရက်က မြေနီကုန်းတောင်ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုးနယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းမြွေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးနောင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၈၇၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

















# ကိုယ့်အားကိုယ်ကိုး စိတ္တစွမ်းရည် စာကြည့်တိုက်ဖွင့်

ခနဲဖြူ အောက်တိုဘာ ၂၅

**ခနဲဖြူမြို့နယ် ကျုံတနီးကျေးရွာ ပန်းတောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏဗလ ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး စိတ္တစွမ်းရည် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ပန်းတောက်ကျောင်းတိုက်ဝင်းရှိ အေးငြိမ်းချမ်းသာဗိမာန်ခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် ပန်းတောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဗလ၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် ရဲစခန်းမှူး ရဲအုပ်ကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ကျုံတနီးကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပန်းတောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဗလက ကိုယ့်အားကိုယ်ကိုး စိတ္တစွမ်းရည် စာကြည့်တိုက်ဖြစ်မြောက်ရေး ကြိုးပမ်းမှုနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းမြွက်ကြားပြီး စေတနာရှင်များက စာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။ **(၀၈၅)**





## ပျဉ်းမနားမြို့ တည်ကိုးဆူစေတီတော် နှစ် ၇၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲ

**ပျဉ်းမနား အောက်တိုဘာ ၂၆**

ပျဉ်းမနားမြို့ တည်ဘုရားကိုးဆူ စေတီတော်**(အပေါ်ပုံ)**နှစ် ၇၀၀ ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပူဇော်ပွဲနှင့် သံဃာတော်အပါး၇၀၀နှင့် သီလရှင်အပါး ၂၀၀ တို့အား တစ်ဇွန်ဆန်း တစ်ဆုပ်ဆန် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို (၁၃၆၆ ခု တန်ဆောင်မုန်းလကွယ်နေ့) ဒီဇင်ဘာ ၁၁ ရက်တွင် မင်္ဂလာရှမ်းကန်တော်၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက် ပျဉ်းမနား မြို့သူမြို့သားများ ဖုန်း ၀၆၇-၂၁၇၅၇၊ ၂၁၄၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၁၀၁)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**အောက်တိုဘာ ၁၈ရက်က တောင်တွင်းကြီးမြို့ မောင်းတိုင်(၂)ရပ်ကွက် အာသောကလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညိုဝင်းနှင့်လက်ထောက်အင်ဂျင်နီယာဦးအောင်ကြီးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



**အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးဝင်း၊ တာဝန်ခံအင်ဂျင်နီယာဦးမိုးမြင့်နှင့် ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်လမ်းဆုံ သန့်ရှင်းသာယာရေးအတွက် ချုံနွယ် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ အစားထိုးစိုက် ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

**အောက်တိုဘာ ၁ ရက်က လက်ပံတန်းမြို့နယ်ကျွန်းကလေး ကျေးရွာအုပ်စုတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထိန်ဝင်းနှင့်ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း ဦးစီးဌာနမှူး ဦးခင်ရွှေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

## နွေစပါးနှင့်ဆောင်းသီးနှံ စီမံကိန်းတာဝန်ပေးအပ်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၂**

၂၀၀၄-၂၀၀၅ ခုနှစ် မော်လမြိုင်ကျွန်းမြို့နယ်၏ နွေစပါးနှင့်ဆောင်းသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က မော်လမြိုင်ကျွန်းမြို့နယ် မော်ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးစသန်းမောင်က မြို့နယ်အတွင်း စိုက်ပျိုးမည့်နွေစပါးနှင့် ဆောင်းသီးနှံစီမံကိန်းဆိုင်ရာများကို ပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က မြို့နယ်အတွင်းရှိ နယ်မြေငါးခုမှ ကိုယ်စားပြု ကျေးရွာအုပ်စုဥက္ကဋ္ဌတို့အား ကျေးရွာအုပ်စုနယ်မြေအလိုက် စိုက်ပျိုးရမည့်နွေစပါးနှင့်ဆောင်းသီးနှံ စီမံကိန်းတာဝန်များ ပေးအပ်ကြသည်။ **(၀၉၇)**



## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**သာယာဝတီ အောက်တိုဘာ ၁၅**

ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ရဲကျော်စွာ ဦးဝင်းမြင့်နှင့် သာယာဝတီခရိုင် မီးသတ်တာဝန်ခံ ဦးဌေးဝေတို့ စက်တင်ဘာ ၂၉ ရက်က သာယာဝတီ၊ သုံးဆယ်၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖိုနှင့်နတ်တလင်း မီးသတ်စခန်းများသို့လည်းကောင်း၊ အောက်တိုဘာ (၂)ရက်က ကြို့ပင်ကောက်၊ ဇီးကုန်း၊ အေးမြသာယာ၊ အိုးသည်ကုန်းနှင့် ကျွန်းကလေး မီးသတ်စခန်းများသို့ လည်းကောင်း သွားရောက်၍ မီးသတ်မော်တော်ယာဉ်များ၊ မီးသတ်စက်များ ကြံ့ခိုင်ရေး၊ ပွင့်လင်းရာသီ၌ အသင့်ရှိရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ဆောင်ရွက်ကြသည်။

**(ခရိုင်ပြန်/ဆက်)**



## ကျောက်မဲခရိုင် ထွေ/အုပ်အုပ်ချုပ်ရေးမှူး ကျေးလက်စာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

**သီပေါ အောက်တိုဘာ ၁၂**

ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၂ ရက်က ဘော်ကြို၊ မန်ပဲ၊ စံဖိတ်ကျေးရွာနှင့် ကုန်းသာကျေးရွာတို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး ဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့်ပွဲကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များ၊ တောင်သူလယ်သမားကြီးများနှင့် ရွာမိရွာဖများကို တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် စာအုပ်များစနစ်တကျမှတ်တမ်းတင်ထားရှိရေး၊ စာအုပ်များတိုးပွားစေရန် အလှူရှင်များထံမှ စာအုပ်များအလှူခံရေးနှင့် ကျေးလက်နေပြည်သူများစာအုပ်များ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုနိုင်ရန် စည်းရုံးဆောင်ရွက်ရေး စသည်များကို ရှင်းလင်းမှာကြားကြသည်။ **(၃၀၆)**



**ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်တင်ဘာ ၁၈ရက်က ရေမြောင်းများတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးသန်းဝင်း ဦးဆောင်သော စည်ပင်ဝန်ထမ်းများ၊ ကုန်တင်ကုန်ချ အလုပ်သမားများ ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

**စလင်းမြို့နယ် လက်ပံတောရွာနှင့် အနီးဝန်းကျင်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းတူးဖော်မှုလုပ်ငန်းကိုအောက်တိုဘာ၁၅ ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)





**ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်သည် မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျ တို့ တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်တွင် ဆောက်လုပ်လျက်ရှိသည့် မူဆယ်မြို့ ဆင်ဖြူရျေးသစ်တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# ဖောင်ကြီးအနောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

**လှည်းကူး အောက်တိုဘာ ၂၅**

လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အုန်းမြင့်၊ မြို့နယ်ဥပဒေအရာရှိ ဦးနန်းတင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ဟောပြော**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုန်းမြင့်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက်များရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**အောက်တိုဘာ ၈ရက်က ကျိုက်မရော မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်နှင့် ဝန်ထမ်းများ ညောင်ပင်ဆိပ်ကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှုကို မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးညိုရွှေ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)



# ချောက်မြို့ ခေတ်မြင်ကွင်းစာကြည့်တိုက်(၅)နှစ်မြောက်နှစ်ပတ်လည်ကျင်းပ

## ရောင်စုံရုပ်မြင်သံကြားစက်နှင့် စာအုပ်များလှူဒါန်း

**ချောက် အောက်တိုဘာ ၁၅**

ချောက်မြို့နယ် စွယ်ပေါက္ကံကျေးရွာအုပ်စု ထန်းခြောက်ပင်ကျေးရွာတွင် ခေတ်မြင်ကွင်းစာကြည့်တိုက် (၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် ရောင်စုံရုပ်မြင်သံကြားစက်နှင့် စာအုပ်လှူဒါန်းပွဲကို အောက်တိုဘာ ၆ ရက်က ထန်းခြောက်ပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် စာကြည့်တိုက်နာယက ဆရာတော် ဦးဇဝနဥာဏ နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းအောင်တို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဒုတိယဦးစီးမှူး ဦးမြင့်သန်းက စာကြည့်တိုက် အကျိုးကျေးဇူးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အတွက် အလှူရှင် ရန်ကုန်မြို့နေ မန်းတက္ကသိုလ် ဆရာဒိုး၊ဒေါ်ခင်စန်းစန်းတို့က လှူဒါန်းသော ၂၁လက်မ ဆိုနီရောင်စုံ ရုပ်မြင်သံကြားစက်နှင့် စာအုပ်မျိုးစုံ၂၀၀ကို အလှူရှင်၏ ကိုယ်စား ဦးသာဦးနှင့် ဦးညွန့်မောင်တို့က ပေးအပ်ရာစာကြည့်တိုက်မှူး ဦးအုန်းကြိုင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

**အောက်တိုဘာ၁၆ရက်က အုတ်ဖိုတာဆုံမှ တိမ်မြုတ်ကျေးရွာ ဆက်သွယ်သောဂဝံလမ်းနှင့် သဖန်းပင်ဆိပ်ကျေးရွာ ဘောလီတံတား ပြုပြင်ရန် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်၊ အင်ဂျင်နီယာညွှန်ကြားရေးမှူး(ရုံးချုပ်) ဦးဌေးညွန့် နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူရတို့က ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

# ဖားကန့်မြို့သာယာလှပရေး ပျိုးဥယျာဉ်များထူထောင်

**ဖားကန့် အောက်တိုဘာ ၂၀**

ဖားကန့်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် မြို့တွင်း လမ်းဘေးဝဲယာနှင့် ပန်းခံများတွင် ပန်းများ ဝေဆာစွာ ဖူးပွင့်နိုင်ရေးအတွက် ရွှေ့ပြောင်းစိုက်ပျိုးနိုင်ရန် ပန်းတင်ပျိုးဥယျာဉ်နှင့် စံပယ်ဆောင် ဝန်ထမ်းအိမ်ရာရှေ့တွင် ပျိုးဥယျာဉ်များ တည်ဆောက်၍ ပန်းအလှပင်များနှင့် အရိပ်ရပင်များ စနစ်တကျမျိုးစေ့ချ ပျိုးထောင်မှုကို အောက်တိုဘာ ၆ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(နယ်စပ် /စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ





**ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းမ လမ်းဘေးဝဲယာ တစ်လျှောက်တွင် အောက်တိုဘာ ၂ ရက်က ပန်းအလှပင်များအား ပေါင်းသင်ခြင်းနှင့် မြေတောင်မြှောက်ခြင်း ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# မိုးမိတ်မြို့နယ်တွင် စာကြည့်တိုက်ဖွင့် စာအုပ်များလှူဒါန်း

**မိုးမိတ် အောက်တိုဘာ ၁၂**

မိုးမိတ်မြို့နယ် တောင်ပိုင်းရပ်ကွက်၌ ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းထွေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊စာအုပ်တိုးပွားရေးနှင့်စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေးတို့ကို ဆွေးနွေးဟောပြောကြသည်။



အလားတူ မြောက်ပိုင်းရပ်ကွက်၌ သုတဘုံ စာကြည့်တိုက်၊ လက်ခုပ်တန်းရပ်ကွက်၌ ပညာနန်းတော် စာကြည့်တိုက်၊ ဟော်နန်းရပ်ကွက်၌ ပညာခနေ စာကြည့်တိုက်နှင့် မိုးဘုံကျေးရွာ၌ ရတနာမွန်စာကြည့်တိုက်တို့ကို ဖွင့်လှစ်ကြသည်။

**(မြို့နယ်ပြန်/ဆက်)**

**မင်းဘူးမြို့တွင် ကျေးလက်လမ်းတံတားပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးတင်ဦး ဆောင်ရွက်လျက်ရှိသော စကု-ဆင်ခေါင်း လမ်းပေါ်ရှိ ရေကျော်တံတား ပြင်ဆင်ခြင်းလုပ်ငန်းခွင်သို့ အောက်တိုဘာ ၈ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)





**အောက်တိုဘာ ၄ရက်က မြစ်သားမြို့တွင် ပန်းအလှပင်များ စိုက်ပျိုးရန် ပန်းသီတာဥယျာဉ် အတွင်း ပန်းပင်များ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းကို ဦးစီးအရာရှိ ဒေါ်ယမင်းနွယ်ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့က လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



အောက်တိုဘာ ၁၀ရက်က မြဝတီမြို့ ဘုရင့်နောင်လမ်းနှင့်ချစ်ကြည်ရေး လမ်းထောင့်တြိဂံပန်းခြံရှိ မြေခင်းအလှပြုပြင်ဆောင်ရွက်မှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်ပြည်နယ် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးစတင့်ဝေတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

## ဝမ်းတွင်းမြို့ မြတ်ညီနောင်စေတီနှစ်ဆူ ထီးတော်အသစ် ပင့်ဆောင်ပူဇော်ရေး ညှိနှိုင်းစည်းဝေး

**ဝမ်းတွင်း အောက်တိုဘာ ၂၅**

ဝမ်းတွင်းမြို့တွင် သမိုင်းဝင်မြတ်ညီနောင်ဘုရားစေတီနှစ်ဆူ ထီးတော် အသစ်ပင့်ဆောင်ပူဇော်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၅ရက် နံနက် ၈နာရီက ဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလှူရှင်ဦးတိုးအောင်-ဒေါ်တင်ရီ(နေလမိသားစု)က အလှူငွေကျပ် ၁၄၆၃၀၀၀ကိုလည်းကောင်း၊ ဦးကျော်ကျော်-ဒေါ်တင်တင်စန်း မိသားစုက ငွေကျပ် ၄၀၀၀၀ကိုလည်းကောင်း မြို့နယ်ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းကြသည်။

**အပူဇော်ခံ**

ထို့နောက်ထီးတော်ကြီးနှစ်လက်နှင့် စေတီရံထီးတော် ၃၂လက်တို့အား အောက်တိုဘာ၂၃ရက်က သဲတောဝမ်းတွင်းမြို့ ဇရပ်ကွက်သို့ လှည့်လည်အပူဇော်ခံကြသည်။ **(၂၃၁)**

**မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြအောင်တို့ အောက်တိုဘာ ၇ရက်က အမှတ်(၁) ရပ်ကွက် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရေဦး အောက်တိုဘာ ၂၅**

ရေဦးမြို့နယ် ၂၀၀၆-၂၀၀၇ခုနှစ် ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက စိုက်ပျိုးရေး စီမံကိန်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဆွေက ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးရန် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များက ကျေးရွာအုပ်စုအလိုက် ကျေးရွာဥက္ကဋ္ဌများအား စီမံကိန်းတာဝန်ပေးအပ်ရာ ရေဦးမြို့နယ်တွင် နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ကြံ၊ စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးကြမည်ဖြစ်သည်။ **(၃၇၈)**



## အမြို့မြို့ အနယ်နယ် သတင်းများ

**သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာတွင် ကြက်ခြေနီ တပ်ဖွဲ့နှင့် အရန်မီး သတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ သုံးခွမြို့နယ် အဖွဲ့ဝင်(၁)မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ချင်းစိန်က တပ်ဖွဲ့ တစ်ဖွဲ့လျှင် ဝတ်စုံဖိုးငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင် ပေးအပ်စဉ်။** (၁၃၇)



**အောက်တိုဘာ၁၅ရက်က သံဖြူဇရပ်မြို့နယ် ပငကျေးရွာ ပြည်တော်သာ အခြေခံပညာမူလတန်း ကျောင်းမှ မြို့နယ်အဆင့်အင်္ဂလိပ်စာ ထူးချွန်ဆုနှင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မသည်းအူအား လက်ထောက် မြို့နယ်ပညာရေးမှူးဦးမင်းစိုးဝင်းက ဆုချီးမြှင့်စဉ်။** (က-ပ)



## မော်လမြိုင်မြို့နယ်၌ ရွှေမြန်မာစာကြည့်တိုက်ဖွင့်လှစ်

**မော်လမြိုင် အောက်တိုဘာ ၁၀**

မော်လမြိုင်မြို့နယ် ကော့တွန်ကျေးရွာ ရွှေမြန်မာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ရက်က ကျင်းပရာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီး အရာရှိ ဦးတင်ထွန်းနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ရွှေမြန်မာစာကြည့်တိုက်၌ ကော့တွန်၊ ကွင်းပိုင်းနှင့် ဇွယ်ရကျွန်း ကျေးရွာများအတွက် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးတင်ထွန်းက ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းလွင်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပေးပို့သည့် စာအုပ် များနှင့် ခရိုင်ရုံးမှ စာအုပ်ပေါင်း ၂၁၀ကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ရေရှည် တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## အားမာန်စာကြည့်တိုက်ဖွင့်

**ပလက်ဝ အောက်တိုဘာ ၁၂**

ပလက်ဝမြို့နယ် ကြွေသောင်းကျေးရွာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ကျေးရွာပြည်သူများပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး အားမာန်စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၂၅ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဦးကျော်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

**(မြို့နယ်ပြန်/ဆက်)**

## မြစ်ကြီးနားမြို့တွင် မြို့တွင်းလမ်းများပြုပြင်

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ရက်က လုပ်ငန်းဆောင်ရွက်ရာသို့ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေတို့ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

**(ပြည်နယ်စည်ပင်)**

### e- Education Learning Centre

### သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

### မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

**၁-၁၁-၂၀၀၆ (တနင်္လာနေ့)**

- ❑ မြန်မာစာဘာသာ ဟောပြောမှု(၁)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ
- ❑ - မြန်မာစာဘာသာ ဟောပြောမှု(၂)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

**၂-၁၁-၂၀၀၆ (အင်္ဂါနေ့)**

- ❑ အင်္ဂလိပ်စာဘာသာ ဟောပြောမှု (၁)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ
- ❑ အင်္ဂလိပ်စာဘာသာ ဟောပြောမှု(၂)
  - တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ

**၃-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

- ❑ သင်္ချာဘာသာဟောပြောမှု (၁)
  - တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ
- ❑ - သင်္ချာဘာသာဟောပြောမှု(၂)
  - တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ

**၄-၁၁-၂၀၀၆ (ကြာသပတေးနေ့)**

- ❑ သင်္ချာဘာသာ ဟောပြောမှု(၃)
  - တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများ
- ❑ ဓာတုဗေဒဘာသာ ဟောပြောမှု(၁)
  - တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ

**၅-၁၁-၂၀၀၆ (သောကြာနေ့)**

- ❑ ဓာတုဗေဒဘာသာ ဟောပြောမှု(၂)
  - တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ
- ❑ ဓာတုဗေဒဘာသာ ဟောပြောမှု(၃)
  - တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ

**နံနက် ၉းဝဝနာရီမှ ညနေ ၄းဝဝနာရီထိ**

**၆-၁၁-၂၀၀၆ (စနေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အတွက် သင်ခန်းစာများ

**၇-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အတွက် သင်ခန်းစာများ

**ကြီးကြပ်ဆောင်ရွက်**

**အောက်တိုဘာ ၁၈ရက်ကဘီးလင်းမြို့နယ် မြို့တွင်းလမ်းများ လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးရန်မျိုးအောင် နှင့် အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ) ဦးဇော်မင်းတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)



# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ၁၅ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ကျင်းပ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ဒိုးပတ် အခြေခံပညာအဆင့်ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်နေလင်းထွန်း(ခ)နီထုံးနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)




ရန်ကုန် အောက်တိုဘာ ၂၈

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ ၁၅ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် အနုပညာရှင်များသည် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးသူများကလည်း ပြိုင်ပွဲများကျင်းပရာသို့ တစ်ခဲနက် လာရောက်နားသောတဆင် ကြည့်ရှုအားပေးကြသည်။**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီးပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ လည်းကောင်း၊ ပတ္တလားအတီးပြိုင်ပွဲကို ဗဟန်းမြို့နယ် ***စာမျက်နှာ ၆ ကော်လံ ၁*** ●

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မခင်မို့မို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**



# မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ထုတ်လုပ်မှုအပြင် ဆည်ရေပေးဝေနိုင် စီမံကိန်းလုပ်ငန်းများအမြန်ပြီးစီးရေး ကြိုးပမ်းလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၂၅ ရက်တွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေနှင့် မကွေးတိုင်း စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များ လိုက်ပါလျက် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းပေါ်၌ တည်ဆောက်နေသော မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ■



**မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် မုန်းချောင်းပင်မတမံနှင့် ဆည်ရေသိုလှောင်ထားမှုကို အောက်တိုဘာ ၂၅ ရက်က ဤသို့တွေ့ရသည်။**

(လယ်ယာ/ဆည်မြောင်း)

## ကမ္ဘာတစ်လွှား ထူး ထူး ခြား ခြား

### လကြတ်ခြင်းပုံရိပ်



ဝါရှင်တန်မြို့ ကောင်းကင်ယံတွင်လကြတ်ခြင်း ဖြစ်ပေါ်စဉ် ရိုက်ကူးထားသော ပုံရိပ်များကိုအောက်တိုဘာ ၂၇ ရက်က တွေ့ရစဉ်။ (အပေါ်ပုံ)

အောက်တိုဘာ ၂၇ ရက်က လကြတ်ခြင်းဖြစ်ပေါ်နေစဉ် လပေါ်သို့ ကမ္ဘာ၏ အရိပ်ကျရောက်မှု စတင်ဖြစ်ပေါ်ပုံနှင့် ကင်းလွတ်ပုံများကို အဆင့်အလိုက် ရိုက်ကူးထားသည့်ပုံများအား ဝဲမှ ယာဘက်သို့ အစဉ်အလိုက် ပြသထားခြင်းဖြစ်သည်။ **(ရိုက်တာ)**



### ကြယ်တာရာ ပေါက်ကွဲမှု၏ ကျန်သည့် အစိတ်အပိုင်း

အာကာသစကြဝဠာအတွင်း ထူးခြားဖြစ်စဉ်များကို လေ့လာစူးစမ်းနေသည့် နာဆာမှတွေ့ရှိသည့် ကြယ်တာရာ အစိတ်အပိုင်းတစ်ခုကို တွေ့ရစဉ်။ (အပေါ်ပုံ)

အဆိုပါ ကြယ်တာရာ အစိတ်အပိုင်းသည် အာကာသစကြဝဠာအတွင်း ပေါက်ကွဲနေသော ကြယ်တာရာတစ်ခု၏ ကျန်ရှိနေသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နာဆာမှ ရိုက်ကူးထားခြင်းဖြစ်သည်။ နာဆာတွင် ကြယ်တာရာတို့၏ ပေါက်ကွဲမှု ဖြစ်စဉ်များကို အသေးစိတ်သုတေသနပြုလုပ်လျက်ရှိသည်။ **(အေအက်ဖ်ပီ)**